# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် လိုအပ်ချက်အရ ပါဝင်နေရသည်ကို မှန်မှန်ကန်ကန် သိရှိနားလည်ရမည်

နေပြည်တော် ဇူလိုင် ၄

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေခြင်းသည် နိုင်ငံတော်အတွက် လိုအပ်ချက်အရ ပါဝင်ဆောင်ရွက်နေရခြင်းပင်ဖြစ်ပြီး ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ကို မှန်မှန်ကန်ကန် သိရှိနားလည်နေရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**


**ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ တစ်သန်းကျော်သည့် စတုတ္ထမြောက်နိုင်ငံ အီတလီဖြစ်လာ**

နိုင်ငံတကာသတင်း | စာ - ၁၄

**လာရောက်လေ့လာစေချင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တစ်ခွင်**

ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

# ဖိတ်ခေါ်လက်ကမ်းနေသည့် ဇာတိနေရပ်အပြန်လမ်းဆီ

ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူ၊ မိမိတို့၏ ဇာတိနေရပ်၊ အမိအဖ၊ မိသားစုတို့ရှိရာ အိမ်ပြန်ချင်ကြသူများကို ပြန်လည်ဖိတ်ခေါ်၍ စနစ်တကျ ပြန်လည်လက်ခံပေးလျက်ရှိသည်။ နိုင်ငံရေးမုန်တိုင်းထန်စဉ်ကာလ နိုင်ငံကို အလုံးစုံပျက်သုဉ်းစေလိုသည့် မသမာသူတို့၏ သွေးထိုးလှုံ့ဆော်မှုများ၊ စည်းရုံးဆွဲဆောင်မှုများ၊ ကောလာဟလများ စသည့်အကြောင်းအမျိုးမျိုးတို့ကြောင့် CDM ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များအပါအဝင် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ ရောက်ရှိနေသူများ၊ ပြည်တွင်းပြည်ပတို့တွင် ထွက်ပြေးတိမ်းရှောင်နေသူများ စသည်တို့အနက်မှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ကာ ပုံမှန်ပြည်သူများ၏ နေ့စဉ်ဘဝများတွင် အေးချမ်းစွာ ပြန်လည်နေထိုင်လိုသူများကို အာမခံချက်ပေး၍ ဖိတ်ခေါ်နေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဇူလိုင် ၄ ရက်က တွေ့ဆုံအမှာစကားပြောကြားရာတွင် “၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်း မသမာမှုရလဒ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအမြတ်ထုတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို မိမိတို့အနေဖြင့် တရားဥပဒေနှင့်အညီ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆက်လက်လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအနေဖြင့် Moving Forward ဆိုသည့်အတိုင်း အတိတ်ကို ပြန်လှည့်ကြည့်နေခြင်း၊ ရပ်နေခြင်းမရှိဘဲ ရှေ့ကို ဆက်လက်လျှောက်လှမ်းနေကြခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့်လည်း ကျန်နေ၍မရကြောင်း၊ Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံ့တာဝန်များကို တာဝန်ယူဆောင်ရွက်နေရသည့် ကာလအတွင်း နိုင်ငံရေးအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာရေးတို့အတွက်လည်း အနှောင့်အယှက်၊ အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှပင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အစိုးရနှင့် ပြည်သူဟူသည် နိုင်ငံတစ်နိုင်ငံ၏ အစိတ်အပိုင်းများဖြစ်ပြီး နိုင်ငံကို ဖန်တီးတည်ဆောက်သူ၊ ကာကွယ်စောင့်ရှောက်သူများလည်း ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အစိုးရနှင့် ပြည်သူတို့ ပူးပေါင်းလက်တွဲဆောင်ရွက်မှု အားကောင်းမောင်းသန်ဖြစ်ဖို့လိုသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွက် တည်ဆောက်ရေးအင်အားစုများအဖြစ် အလုပ်အကျွေးပြုနိုင်ရေး၊ ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်နိုင်ရေးတို့အတွက် လက်ခံကြိုဆိုမည့် စခန်းများမှတစ်ဆင့် ဇာတိနေရပ်များဆီ ပြန်လည်ဝင်ရောက်နိုင်ကြပါစေကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၃) မှု ကိုရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၀ / ၂၀၂၁ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၂၅/၂၀၂၁ (တနင်္သာရီ)၊ ၂၆ / ၂၀၂၁ (တနင်္သာရီ)၊ ၃၁/၂၀၂၁ (မန္တလေး)နှင့် ၈ / ၂၀၂၂ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု ( ၄ ) မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ် အထူးအယူခံမှုအမှတ် ၁/၂၀၂၂ (ရခိုင်)နှင့် တရားမအထူးအယူခံမှု အမှတ်၂၈/၂၀၂၀(ရှမ်း)၊ ၄၁/ ၂၀၂၀ (မွန်) နှင့် ၇/၂၀၂၁ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၃) မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❊ *ကျောဖုံးမှ*

နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

### ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၂) ဦးဇေယျာလင်းနှင့် အဖွဲ့သည် နေပြည်တော် ဥတ္တရသီရိခရိုင် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဟိုတယ်များသို့ သွားရောက်၍ မြို့တော်အင်္ဂါရပ်နှင့်အညီ ဟိုတယ်များတည်ရှိရာ လမ်းဘေးဝဲယာနှင့် အတွင်း/အပြင် သန့်ရှင်းသာယာလှပ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဟိုတယ်များမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများကို Aye Chan Thar Hotel တွင် တွေ့ဆုံ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော Enchanting Myanmar Health and Safety Protocol အစီအစဉ်အရ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လာရောက် တည်းခိုသောဧည့်သည်များ ဘေးကင်းလုံခြုံစိတ်ချရစေရေးအတွက် ဒေသအဆင့်၊ အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များ၊ တံဆိပ်များရရှိရေး ဆောင်ရွက်ပေးနေမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်နှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတိုင်း နိုင်ငံသားများမှ ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် နိုင်ငံသားစိစစ်ရေးကတ်များဖြင့် တည်းခိုနိုင်ရေးကိုလည်း စနစ်တကျဆောင်ရွက်စေမှုများ၊ ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသော Hotel Guest List Management System ကိုလည်း ဟိုတယ်များအနေဖြင့် အသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်စေလိုမှုများနှင့် လူပုဂ္ဂိုလ်၊ ပစ္စည်း၊ စာရွက်စာတမ်းများနှင့် မီးဘေးလုံခြုံရေးများကိုလည်း အထူးအလေးထား လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဟိုတယ်များမှ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အမျိုးသားအဆင့် အသိအမှတ်ပြု တံဆိပ် (National Health and Safety Protocols)(Plaque) ရရှိသောဟိုတယ်များကို အသိအမှတ်ပြုတံဆိပ်များလည်း ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

## တပ်မတော်နှင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို မလွှဲသာမရှောင်သာသော အခြေအနေအရ လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်ခဲ့ရသည်ကို အရာရှိ၊ စစ်သည်၊ ရဲမေ မိသားစုများအနေဖြင့် မှန်မှန်ကန်ကန် သိရှိထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်း၊ ပထဝီအနေအထားနှင့် လက်ရှိ ဖြစ်တည်ချက်များအရ တပ်မတော်သည် နိုင်ငံတော်၏အမျိုးသားရေးကိစ္စရပ်များတွင် ပါဝင်နေရခြင်းဖြစ်သကဲ့သို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေရကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံရေးဆောင်ရွက်သူများအနေဖြင့် နိုင်ငံရေးရင့်ကျက်မှုနှင့် သဟဇာတဖြစ်မှုများရှိရန် လိုအပ်နေသေးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ နိုင်ငံရေးစနစ် မတူညီကွဲပြားမှုများရှိကြောင်း၊ အချို့သော နယ်စပ်ဒေသများတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ရှိနေကြောင်း၊ ထိုကဲ့သို့သော အခြေခံအချက်များအပြင် အခြားအခြားသော အချက်များစွာတို့အရ နိုင်ငံအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများ ယနေ့အထိ လိုအပ်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုများရှိရန်အတွက် မိမိတို့နိုင်ငံတွင် ခိုင်မာသည့် အင်စတီကျူးရှင်း လိုအပ်ကြောင်း၊ ထိုအင်စတီကျူးရှင်းမှာ တပ်မတော်သာဖြစ်ပြီး နိုင်ငံတော်၏ Guardian အနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**❖ ပညာတတ်များ ပေါ်ကြွယ်ဝလာစေရေး၌ ကျန်းမာကြံ့ခိုင်မှုသည်လည်း အရေးကြီးသဖြင့် ပညာရည်မြှင့်တင်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ဟန်ချက်ညီမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အခြေခံကျသည့် တစ်မျိုးသားလုံးပညာရည်မြှင့်တင်ရေးလုပ်ငန်းကို နိုင်ငံတော်၏အနာဂတ်အတွက် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး အနည်းဆုံး ၅ နှစ်မှ ၁၀ နှစ်အထိ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်ရမည်**

၁၉၈၈ ခုနှစ်၌ ပြည်သူလူထုအနေဖြင့် တစ်ပါတီအုပ်ချုပ်မှုကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခြင်းတို့ကြောင့် တိုင်းပြည်၌ မငြိမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းအခြေအနေအပေါ် နိုင်ငံရေးအဖွဲ့အစည်းများ ပြည်ပနိုင်ငံများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးတော့မည့် အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့ရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ဖျက်သိမ်း၍ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ရကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ထောင်စုကြီး စည်းစည်းလုံးလုံးဖြင့် တည်ငြိမ်မှုရှိစေရေး တင်းတင်းကျပ်ကျပ်ဆောင်ရွက်ခဲ့ရသဖြင့် တပ်မတော်၏ နိုင်ငံတော်၏ တာဝန်ထမ်းဆောင်မှုအပေါ် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရေးအရ နာကြည်းမှုများ၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းနာကြည်းမှုများသည် ယခုအချိန်အထိ ကျန်ရှိနေသေးကြောင်း။

## ပညာရည်မြင့်မားရေး

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ကာ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ မိမိတို့နိုင်ငံရှိပြည်သူများတွင် နိုင်ငံရေး သိရှိနားလည်သူများရှိသကဲ့သို့ သိရှိနားလည်မှုအားနည်းသူများလည်းရှိကြောင်း၊ နိုင်ငံရေးအသိ အားနည်းသူများအပေါ် သွေးထိုးဆောင်ရွက်နေမှုများလည်း ရှိကြောင်း၊ ထိုသို့ နိုင်ငံရေးအသိ အားနည်းရခြင်းမှာလည်း နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာရေးအခြေအနေနှင့်လည်း ဆက်စပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးသည် ခေတ်အဆက်ဆက်တွင် နိမ့်ကျခဲ့ပြီး အတန်းပညာ ပြီးမြောက်သူနည်းပါးခဲ့ကြောင်း၊ ပညာရေးအားနည်းသဖြင့် အသိပညာအားနည်းရခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၈ နှစ်အထက် မဲပေးခွင့်ရှိသူ လူဦးရေ ၃၄ ဒသမ ၂၉ သန်းဖြစ်ပြီး လူဦးရေတိုးတက်နှုန်းမှာ ၀ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းသန်းခေါင်စာရင်း အချက်အလက်များအရ အသက် ၅ နှစ်အထက် ကျောင်းမနေဖူးသူဦးရေ ၈ ဒသမ ၁ ရာခိုင်နှုန်း၊ အသက် ၂၅ နှစ်နှင့်အထက် ၁၂ ဒသမ ၈ သန်းသည် မူလတန်းအောက် ပညာအရည်အချင်းသာရှိသည်ကို တွေ့ရှိရသဖြင့် မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များ များစွာရှိနေသည်ကို တွေ့ရှိရကြောင်း၊ ပညာတတ်မြောက်မှုသာ စာပေဗဟုသုတ လေ့လာမှုရှိမည်ဖြစ်ပြီး အသိပညာဗဟုသုတ တိုးတက်လာမည်ဖြစ်ကြောင်း၊ **ပညာတတ်များ ပေါ်ကြွယ်ဝလာစေရေး၌ ကျန်းမာကြံ့ခိုင်မှုသည်လည်း အရေးကြီးသဖြင့် ပညာရည်မြှင့်တင်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ဟန်ချက်ညီမြှင့်တင်ရမည် ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အခြေခံကျသည့် တစ်မျိုးသားလုံး ပညာရည်မြှင့်တင်ရေးလုပ်ငန်းကို နိုင်ငံတော်၏ အနာဂတ်အတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အနည်းဆုံး ၅ နှစ်မှ ၁၀ နှစ်အထိ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

## နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု ရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေး ရရှိပြီးကတည်းက နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုများ၊ အယူဝါဒ မတူညီမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရပြီး မျိုးဆက်များအလိုက် ပြောင်းလဲသွားသော်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင် ရှိနေသေးကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ မရှိမှသာ နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်နေသည့် အခြေအနေတွင် နိုင်ငံကိုထိန်းသိမ်းနိုင်သည်မှာ တပ်မတော်သာလျှင်ဖြစ်ပြီး တပ်မတော်အနေဖြင့် အချို့အရာများတွင် အနစ်နာခံဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် ကိစ္စရပ်များသည် ခံယူချက်ကောင်းများဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများ အောင်မြင်ရေးအတွက် တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သဖြင့် ဥပဒေအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး

နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံ၌ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အခြားနိုင်ငံများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် စည်းကမ်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုပြီး အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ပြည်တွင်းရေးကို

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## ❖ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေရာတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ရန်လိုပြီး ဒီမိုကရေစီ မျက်နှာဖုံးစွပ်ထားသည့်လုပ်ရပ်မဖြစ်ရန်လို

*စာမျက်နှာ ၃ မှ*

ဝင်ရောက်စွက်ဖက်မှု၊ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုပဋိပက္ခများကို မိမိတို့အနေဖြင့် ထိန်းထိန်းသိမ်းသိမ်း ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပုံမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ **ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေရာတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ရန်လိုပြီး ဒီမိုကရေစီ မျက်နှာဖုံးစွပ်ထားသည့် လုပ်ရပ်မဖြစ်ရန်လို**ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာ၌ ဖက်ဒရယ်စနစ်ဆိုသည်မှာ အုပ်ချုပ်ရေးအာဏာများ ခွဲဝေပေးထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ထူးခြားချက်မှာ ရှေးဘုရင်များလက်ထက်ကတည်းကပင် တစ်ပြည်ထောင်နိုင်ငံမဟုတ်ဘဲ တိုင်းရင်းသားဒေသများအားလုံးကို တစ်စုတစ်စည်းတည်းဖြစ်အောင် စုစည်းတည်ထောင်ခဲ့သည့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးချိန်တွင် ယခင်က မြန်မာနိုင်ငံနယ်နိမိတ်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသားပြည်သူများအားလုံး ရှေးယခင်ကတည်းက တစ်စုတစ်စည်းတည်း ရှိခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်ရမည်ဖြစ်ကြောင်း။

### ငြိမ်းချမ်းမှုရှိမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်နိုင်မည်

အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသဖြင့် ပြည်သူလူထု၏ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းတွင် နိုင်ငံရေးအရ သမိုင်းကြောင်းများအပြင် စီးပွားရေးအရ သမိုင်းကြောင်းများရှိခဲ့ပြီး ၁၉၅၀ ပတ်ဝန်းကျင်ခန့်တွင် ကိုရီးယားစစ်ပွဲများဖြစ်ပေါ်ခဲ့ကာ မိမိတို့နိုင်ငံမှ ဆန်၊ စပါးကဲ့သို့ ထွက်ကုန်များ ဈေးကောင်းရခဲ့ကြောင်း၊ ထို့ကြောင့် အာဏာရပါတီအနေဖြင့် ပြည်တော်သာ စီမံကိန်းကိုရေးဆွဲခဲ့ပြီး **"လူတစ်ယောက် ကားတစ်စီး၊ တိုက်တစ်လုံး၊ တစ်လ ဝင်ငွေ ရှစ်ရာ"** ဟူသည့် ကြွေးကြော်သံဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားစစ်ပွဲအပြီးတွင် စပါးဈေးထိုးကျခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများလည်း ဖြစ်ပေါ်ခဲ့သဖြင့် ဝင်ငွေနည်းပါးခဲ့ခြင်းကြောင့် အောင်မြင်မှုမရရှိခဲ့ဘဲ ပြည်တွင်းအုပ်ချုပ်ရေးလမ်းကြောင်း၌ အခက်အခဲများရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ အခြေခံများ ကောင်းမွန်နေပြီဖြစ်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ရှိသေးကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဦးတည်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများအောင်မြင်ပြီးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အုပ်ချုပ်ရေးကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

စားရေရိက္ခာပေါများရေးအတွက် ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးသည်လည်း စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သည့် တိုင်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ စိုက်ပျိုးမြေများတွင် သီးထပ်သီးညှပ်စိုက်ပျိုးမှုများနည်းပါးသဖြင့် သီးထပ်သီးညှပ်များ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ခေတ်မီနည်းစနစ်များဖြင့် အသုံးပြု၍ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုး၍ရသဖြင့် စားရေရိက္ခာပေါများရေးအတွက် ဆောင်ရွက်၍ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်သဖြင့် ပညာရည်သင်ကြားရေးကို အားပေးကြရန်လိုကြောင်း။

### အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်

မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေသယံဇာတ အခြေခံကောင်းများ ရှိပြီးဖြစ်သဖြင့် သဘာဝကပေးထားသည့်အရင်းအမြစ်များကို အကျိုးရှိအောင် အသုံးချပြီး နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းထားသည်များ၊ အမှန်တကယ်ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ ဖြစ်နိုင်ခြေရှိသည်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး လူတစ်ဦးတစ်ယောက်ချင်းအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်း မိမိတို့ပင်ကိုအသိစိတ်ဖြင့် မှန်မှန်ကန်ကန် ကြိုးပမ်းဆောင်ရွက်သွားမည် ဆိုပါက နောင်လာမည့် ၅ နှစ်အတွင်း မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများ၌ ထိုက်သင့်သည့် တိုးတက်မှုများ ရှိလာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တပ်မတော်မှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး မိမိတို့အနေဖြင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ဆက်လက် ပါဝင်နေရမည်ဖြစ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ အမျိုးသားရေးရည်မှန်းချက်များချမှတ်၍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို အရာရှိ၊ စစ်သည်၊ မိသားစုများ မှန်မှန်ကန်ကန် သိရှိစေရေး နောက်ခံအကြောင်းအရာများနှင့်တကွ ရှင်းလင်းပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပေါင်းတည်မြို့နယ်၌ တောင်သူများအား မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ပေါင်းတည် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးသည့်ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ငွေကျပ်သိန်းခြောက်သောင်း ထုတ်ချေးရန်လျာထားကြောင်း သိရသည်။

အဆိုပါ ၂၀၂၂ ခုနှစ် နှစ်စဉ်မိုးရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို ကြွေးပြေကျေသည့် တောင်သူများအား မိုးစပါးတစ်ကေလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့်လည်းကောင်း၊ ယာသီးနှံတစ်ကေလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း တောင်သူများကို စိုက်ပျိုးချိန်အမီ မေ ၁၆ ရက်မှစတင်ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့အထိ ကျေးရွာအုပ်စု ၂၀ ရှိ တောင်သူ ၁၅၀၉ ဦး၊ စိုက်ဧက ၈၆၇၂ ဧကအတွက် ငွေကျပ် သိန်း ၁၂၉၉၆၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကြွေးပြေကျေသည့် တောင်သူများကို လျာထားချက်နှင့်အညီ စက်တင်ဘာလကုန်အထိ ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**◆ ဧရာဝတီတိုင်းဒေသကြီးသည် ပညာရေးအရမြင့်မားသည့်ဒေသ၊ ရေခံမြေခံများအရလည်း ကောင်းမွန်သည့်ဒေသဖြစ်သဖြင့် ယခုထက် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံတော်အတွက် ဂုဏ်ယူရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းကြစေလို**

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ တင်ပြ

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်အတွင်း လာရောက်သည့် ခရီးစဉ်ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဒေသဆိုင်ရာ အချက်အလက်များ၊ ခရိုင်များတိုးချဲ့ဖွဲ့စည်းမှုနှင့် ဝန်ထမ်းများ ခန့်အပ်ထားရှိမှု အခြေအနေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆည်ရေသောက်နှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်လျက်ရှိမှု၊ မိုးစပါးအထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်မှုနှင့် ဆီဖူလုံမှုအခြေအနေ၊ အသား၊ ငါးနှင့် ဥများထုတ်လုပ်၍ ပြည်သူများကို ရောင်းချပေးနိုင်မှု၊ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးများစိုက်ထည့်မှု၊ နေလှန်းဆားကြမ်းနှင့် အိုင်အိုဒင်းဆားများ ထုတ်လုပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ လမ်းတံတားများဆိုင်ရာ အခြေအနေများနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ပြည်သူ့အင်္ဂါးအိမ်ရာ ဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန်များတွင် စက်ရုံများလည်ပတ်ဆောင်ရွက်နေမှု၊ ပြည်သူ့ဆေးရုံကြီး တိုးချဲ့တည်ဆောက်ထားရှိမှု၊ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိမှုနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်မှု အခြေအနေ၊ ဆေးရုံများဖွင့်လှစ်ထားရှိမှုနှင့် ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်မှု၊ ပန်းခင်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီးအတွင်း နှစ်အလိုက် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှုနှင့် အခြားလူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

## တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် မိုးရွာသွန်းမှုများပြားသကဲ့သို့ မြစ်ချောင်းများလည်းများပြားကြောင်း၊ ရေစီးရေလာ ကောင်းမွန်ခြင်းမရှိပါက လမ်းများပျက်စီးမှုကို ပိုမိုဖြစ်ပေါ်စေသဖြင့် လမ်းများ ရေတိုက်စားမှုကြောင့် ပျက်စီးမှုမရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းရန်လိုကြောင်း၊ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးသို့ အလည်အပတ်သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ခရီးသွားဧည့်ယာဉ်များ အများအပြား လာရောက်လျက်ရှိသဖြင့် လမ်းများ ကောင်းမွန်စေရေးကို အလေးထား ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လမ်းမကြီးများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျဖြင့် ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်လည်း အာဆီယံ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တည်ဆောက်သွားရန်လိုကြောင်း၊ အလားတူ ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိကြောင်း၊ အိမ်သာပါက ဧည့်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်း ဆားထုတ်လုပ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် လျော်ညီသည့်ဆားများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်းနှင့် ဆားလုပ်ငန်း ပုံမှန်လည်ပတ်နိုင်စေရေး ဆောင်ရွက်ရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးတစ်ခုဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အသီးသီး၌လည်း ထိပ်ပိုင်းတွင်ရှိနေသည့် နိုင်ငံ့ဂုဏ်ဆောင် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်း မသမာမှုရလဒ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအမြတ်ထုတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကြမ်းဖက်မှု ဖြစ်စဉ်များကို မိမိတို့အနေဖြင့် တရားဥပဒေနှင့်အညီ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆက်လက် လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအနေဖြင့် Moving Forward ဆိုသည့်အတိုင်း အတိတ်ကို ပြန်လှည့်ကြည့်နေခြင်း၊ ရပ်နေခြင်းမရှိဘဲ ရှေ့ကိုဆက်လက်လျှောက်လှမ်းနေကြခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့်လည်း ကျန်နေ၍မရကြောင်း၊ Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း။

ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို ဖြေရှင်းနေရသကဲ့သို့ နိုင်ငံတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်း၊ လူတိုင်းသည် တိုးတက်ရေးအတွက် အမြဲမပြတ် ဆောင်ရွက်နေကြကြောင်း၊ အခက်အခဲအကျပ်အတည်းကြောင့် တုံ့ဆိုင်းနေမည်ဆိုပါက တိုးတက်မှုရရှိမည်မဟုတ်ဘဲ နောက်ကျကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများသည် တုံ့ဆိုင်းနေ၍မရသည့်အတွက် ၂၀၂၂ ခုနှစ်အတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ပညာရေးမြှင့်တင်မှုများကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အဆိုပါ ၉၂ ရာခိုင်နှုန်းတွင် ရေး/ဖတ် အဆင့်၊ မူလတန်းအဆင့်သာရှိသူဦးရေ များပြားလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ ပညာတတ်မြောက်သူနည်းပါးသည်ကိုလည်း သန်းခေါင်စာရင်းများအရ တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာရည်မြှင့်တင်ရေးအတွက် အစိုးရပညာရေးစနစ်ဖြင့် အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်များ နည်းပါးပါက မိမိတို့နိုင်ငံသည် နောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

စီးပွားရေးလုပ်ငန်းအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အခြေခံသော စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်းကြောင့် သယံဇာတများပြုန်းတီးလာပြီး အခြေခံကုန်ကြမ်းများ ရှားပါးလာကြောင်း၊ ထို့ကြောင့် သဘာဝသယံဇာတကို အခြေခံသည့်

စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များ ပုသိမ်ပြည်သူ့ဆေးရုံကြီး (၉)ထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ကုန်ထုတ်လုပ်ငန်းကို အားပေးဆောင်ရွက်၍မရဘဲ မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်ထုတ်လုပ်ခြင်းများဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အတွက် ခရိုင်များ တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ခရိုင်အဆင့်ကို အခြေခံ၍ တစ်နိုင်ငံလုံးအုပ်ချုပ်မှုကို ပိုမိုအဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ရန်လိုအပ်သဖြင့် ခရိုင်များကို အခြေခံ၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံနှင့် ကျောင်းများဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို အပြည့်အဝ ရရှိမည်ဖြစ်ပြီး အဆိုပါကျောင်းများမှ ထူးချွန်သည့်သူများကို အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန်အတွက် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင်များပေါ်များလာမည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကိုဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှိပြီးသား မြေအရင်းအမြစ်များပေါ်တွင် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်မည်ဆိုပါက ယခုထက် အထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမြေများပေါ်တွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများကို သီးထပ်အဖြစ် စိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး ပုဂ္ဂလိကလုပ်ငန်းများမှ အပြည့်အဝဆောင်ရွက်နိုင်မှု မရှိသေးသဖြင့် နိုင်ငံတော်အစိုးရမှ မျိုးကောင်းမျိုးသန့်များရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများမှ အပြည့်အဝ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ **ဧရာဝတီတိုင်းဒေသကြီးသည် ပညာရေးအရ မြင့်မားသည့်ဒေသ၊ ရေခံမြေခံများအရလည်း ကောင်းမွန်သည့် ဒေသဖြစ်သဖြင့် ယခုထက် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်၍ နိုင်ငံတော်အတွက် ဂုဏ်ယူရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းကြစေလို**ကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လူတိုင်း အသား၊ နို့၊ ဥများကို စားသုံးလျက်ရှိကြောင်း၊ အသားစားနွားများ မွေးမြူခြင်းကို ပိုမိုအားပေးဆောင်ရွက်ရန်လိုပြီး ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများတွင် ငါးရရှိမှုများ တစ်နှစ်ထက်တစ်နှစ် လျော့ကျလာသည်ကိုတွေ့ရှိရပြီး သဘာဝငါးသယံဇာတ လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ မြစ်ချောင်းများမှ အလွယ်တကူရရှိသည့် ငါးများကိုလည်း ဖမ်းယူစားသုံးမှုများရှိကြောင်း၊ ငါးသယံဇာတများ ပေါ်များစေရေးအတွက် နိုင်ငံတော်မှ ငါးသားပေါက်များကို မြစ်ချောင်းများအတွင်း စိုက်ထည့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ငါးမွေးမြူရေးလုပ်ငန်းများနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများကိုလည်း ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များမှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်အတွက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် စက်မှုဇုန်များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ရေကြောင်းလမ်းမှတစ်ဆင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ ဒေသတွင်းစက်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မှုများ နည်းပါးလာမည်ဖြစ်ပြီး မိမိတို့ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ထုတ်ကုန်ပစ္စည်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းမည်ဖြစ်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် ကြီးပွားရေးလုပ်ငန်းများအတွက် အချို့ကို မိရိုးဖလာလုပ်ဆောင်မှုများမှ ဖောက်ထွက်၍ ဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်ကြောင်း၊ အစွဲအလမ်းများမထားဘဲ ကောင်းမွန်မည်ဟုထင်ပါက ပြောင်းလဲဆောင်ရွက်သင့်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ကောင်းမွန်သည့် အင်္ဂါရပ်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ယခုထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်သည် ပြည်သူများ၏ ယုံကြည်မှုရှိရန်၊ ပြည်သူမှ အားကိုးသည့် အစိုးရဖြစ်ရန် လိုကြောင်း၊ ပြောသည့်အတိုင်းဖြစ်အောင်လုပ်ရန် လိုကြောင်း၊ မိမိတို့သည် နိုင်ငံရေးလုပ်နေခြင်း မဟုတ်ဘဲ နိုင်ငံတိုးတက်ရေးအတွက် နိုင်ငံ၏အကျိုးကို စီမံခန့်ခွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပညာအရည်အချင်း သတ်မှတ်ချက်များဖြင့် တာဝန်ပေးအပ်ခြင်းဖြစ်သော်လည်း နိုင်ငံရေးသမားတွင် ပညာအရည်အချင်းသတ်မှတ်ချက်မရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများတွင် အတွေ့အကြုံများ များစွာရှိပြီး လက်တွေ့၊ စာတွေ့သင်ကြားပြီးကြသူများဖြစ်ကြောင်း၊ အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် နိုင်ငံတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ယူထားသည့် ကဏ္ဍများအလိုက် ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ယူဆောင်ရွက်ချိန်တွင် တတ်နိုင်သမျှ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် နိုင်ငံရေးရည်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာတာဝန်များကို နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရေး နိုင်ငံ့အကြီးအကဲတစ်ယောက် ဟူသည်ထက် ဝန်ထမ်းအကြီးအကဲတစ်ယောက်အဖြစ်ဖြင့် ဂုဏ်ယူစွာ တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်ပြည်သူ့ဆေးရုံကြီး (၉)ထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစိုးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအဆောက်အဦနှင့် အခန်းများ ထည့်သွင်းဆောင်ရွက်ရာတွင် အရေးပေါ်အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ဆောင်ရွက်ရန် လိုကြောင်း၊ တည်ဆောက်ရေးပိုင်းနှင့်ပတ်သက်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီး၍ ဖွင့်လှစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လာရောက်ကုသသည့် လူနာများအနေဖြင့် စိတ်လက်သက်သာစွာဖြင့် ဆေးဝါးကုသမှု ခံယူနိုင်စေရေး ရှုထောင့်မျိုးစုံမှ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် ဘုရားကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဘုရားကြီးကို လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်၊ မိုးများသည့်ဒေသဖြစ်သည့်အတွက် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ ဘုရားကြီးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှတ်တမ်းဓာတ်ပုံများ စနစ်တကျဖြင့် ထိန်းသိမ်းထားရှိရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်း က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပုသိမ်လေတပ်စခန်းဌာနချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ အစည်းအဝေးခန်းမတွင် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်းက လေတပ်စခန်းဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နယ်မြေဒေသလုံခြုံရေးနှင့် ပိုင်နက်ပင်လယ်ပြင် လုံခြုံရေး ကင်းလှည့်ဆောင်ရွက်နိုင်မှု၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု၊ စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဒေသခံပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ပူးပေါင်းဆောင်ရွက်ရမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်မြေဒေသနှင့် ပိုင်နက်ပင်လယ်ပြင်စိုးမိုးရေးအတွက် ရေဒါစနစ်ဖြင့် ကင်းထောက်ခြင်း၊ လေကြောင်း၊ ရေကြောင်းကင်းလှည့်ခြင်းများ ဆောင်ရွက်ပြီး ပိုင်နက်နယ်နိမိတ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးတို့ကို တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံ ရေတပ်၊ လေတပ်ဌာနချုပ်များက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး အမြဲအသင့်ဖြစ်နေရမည်ဖြစ်ကြောင်း၊ ပင်လယ်ကမ်းစပ်နှင့် မြစ်ဝကျွန်းပေါ်လုံခြုံရေးကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲတမ်း စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ မွေးမြူရေးနှင့် စိုက်ပျိုးရေး အပြန်အလှန်အခြေခံပြီး အထွက်နှုန်းကောင်းသည့်၊ အကျိုးရှိသည့် စိုက်ပျိုးမွေးမြူရေးဖြစ်အောင် တွက်ချက်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေး၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖူလုံစွာ စားသုံးနိုင်ရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေတပ်ဌာနချုပ် ကာကီကင်းဘဲမွေးမြူရေးခြံ၊ ဥစားကြက်မွေးမြူရေးခြံ၊ ရာသီသီးနှံစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့၊ အမှတ် (၁) ရပ်ကွက်၊ ကမ်းနားလမ်းတွင် မြစ်ကြမ်းခင်းမြေသားစွမ်းအင် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်တို့က မြစ်ကြမ်းခင်းမြေသားစွမ်းအင် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပုသိမ်မြို့သို့ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ခဲ့ကြောင်း၊ ရေလမ်းကြောင်းများကို ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်နိုင်ရေး ဆောင်ရွက်နိုင်မည်ဆိုပါက ပုသိမ်မြို့သို့ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ အလားတူ ငဝန်မြစ်ရေကို ထိန်းသိမ်း၍ စိုက်ပျိုးရေးအတွက် လိုအပ်သည့်နေရာများတွင် အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပျမ်းမျှမိုးရွာသွန်းရက်မှာ ၁၂၀ ကျော်ခန့်သာဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေများရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ရေချိုများကို စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း မှာကြားသည်။

### လိုအပ်သည်များ လမ်းညွှန်မှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြမ်းခင်းမြေသားစွမ်းအင် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပုသိမ်မြို့ အမှတ် (၁) ရပ်ကွက် ကမ်းနားလမ်းတွင် မြစ်ကြမ်းခင်းမြေသားစွမ်းအင် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ *ကျောဖုံးမှ*

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို သုံးသပ်ခြင်းနှင့် အနာဂတ်လုပ်ငန်းစဉ်များအား ဆွေးနွေးခြင်း၊ လက်ရှိ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ပူးပေါင်းဆောင်ရွက်သွားရန်လို**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေး၏ခေါင်းစဉ်မှာ “စည်းလုံးညီညွတ်မှုမှသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုဆီသို့” (Solidarity for Peace and Prosperity) ဖြစ်သည်နှင့်အညီ လက်ရှိနှင့် အနာဂတ်စိန်ခေါ်မှုများကို စည်းလုံးညီညွတ်မှုအခြေခံသည့် စုပေါင်းအားဖြင့် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသတွင်းကျန်းမာရေးလုံခြုံမှုကဏ္ဍတွင် ကိုဗစ်–၁၉ အပါအဝင် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်–၁၉ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။




မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။




မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)အဆောက်အအုံဖွင့်ပွဲ ပြုလုပ်စဉ်။

ထို့အပြင် စီးပွားရေးပြန်လည်နာလန်ထူရေးအတွက် ဦးစားပေးပူးပေါင်းဆောင်ရွက်သွားရန်နှင့် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ထိရောက်စွာ တုံ့ပြန်နိုင်မည်ဟု ယူဆသည့်အတွက် တရုတ်နိုင်ငံ၏ “ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်” (Global Development Initiative)ကို ကြိုဆိုထောက်ခံပါကြောင်း။ ဒေသတွင်း ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုမရှိလျှင် ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည် မဟုတ်သည့်အတွက် တရုတ်နိုင်ငံ၏ “ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးလုပ်ငန်းစဉ် (Global Security Initiative)”ကို ထောက်ခံပါကြောင်းလည်း ထည့်သွင်းပြောကြားသည်။

**စွမ်းရည်တိုးမြှင့်ရေး**

ပြည်ထောင်စုဝန်ကြီးက မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်၌ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လက်နက်မှောင်ခို တိုက်ဖျက်ရေးစသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းရည်တိုးမြှင့်ရေးအတွက် “မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်” ထူထောင်ရန်ကိုလည်း ကြိုဆိုကြောင်း ဆွေးနွေးခဲ့သည်။

ရေအရင်းအမြစ်၊ စိုက်ပျိုးရေး၊ စက်မှုကုန်ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပြည့်ဖြိုးမြဲစွမ်းအင် အပါအဝင် အခြားပူးပေါင်း ဆောင်ရွက်မှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးခဲ့သည်။

**မဟာဗျူဟာမြောက်ဦးဆောင်မှုကို တိုးမြှင့်**

ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မိန့်ခွန်းပြောကြားရာတွင် မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှုမှုဘောင်အောက်မှ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက်ဦးဆောင်မှုကို တိုးမြှင့်သွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရေး၊ အစိမ်းရောင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ဆောင်ရွက်သွားရေး၊ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်သွားရေးတို့အပေါ် ဆွေးနွေးခဲ့သည်။



မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် မြန်မာနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

ဆက်လက်၍ တရုတ်နိုင်ငံမှ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့ရာ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အာကာသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးလုပ်ငန်းစဉ်များ ပါဝင်သည်။

မဲခေါင်နိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများကလည်း မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်ဆောင်ရွက်သွားသင့်သည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

**ပူးတွဲကြေညာချက် ထုတ်ပြန်**

အစည်းအဝေးမှ ပူးတွဲကြေညာချက် (Joint Press Communique)ထုတ်ပြန်ခဲ့ပြီး၊ အကောက်အခွန်၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ပြည်သူများအကြား အပြန်အလှန်သင်ယူမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကဏ္ဍများအတွက် သီးခြားထုတ်ပြန်ချက်(၄)ခုကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးအပြီးတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မြေနေရာအတွင်း၌ တည်ဆောက်ထားသည့် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) အဆောက်အအုံဖွင့်ပွဲအခမ်းအနားပြုလုပ်ရာ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြသည်။

**ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်**


မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် မြန်မာနှင့်တရုတ် နိုင်ငံခြားရေးဝန်ကြီးများသည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ပြီး အစည်းအဝေးရလဒ်များအား ရှင်းလင်းခဲ့သည်။

**မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု**

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများအား အထောက်အကူပြုရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာ မွန်းဝီနိုင်းနှင့် သီးခြားတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၌ ကျင်းပသည့် (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွန်းဝီနိုင်းကို ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရွှေနန်းတော် ဟိုတယ်ဧည့်ခန်းမ၌ သီးခြားတွေ့ဆုံသည်။ **(ဝဲပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အာဆီယံတူညီဆန္ဒ (၅) ရပ် အကောင်အထည်ဖော်နေမှုနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# (၇)ကြိမ်မြောက် မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၄**

(၇)ကြိမ်မြောက် မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင်လည်းကောင်း **(ယာပုံ)**၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗူရီသိုင်စွန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင်လည်းကောင်း ပုဂံမြို့ရှိ ညောင်ဦးလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ပရပ်ဆုတ်ခွန်း၊ လာအိုနိုင်ငံ အဆင့်မြင့်အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ဘုရား၊ စေတီများအား ဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို ကြည့်ရှုလေ့လာ



**နေပြည်တော် ဇူလိုင် ၄**

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း၊ လာအိုနိုင်ငံ အဆင့်မြင့်အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ညနေပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

### လှည့်လည်လေ့လာကြည့်ရှု

ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ လာအိုနိုင်ငံအဆင့်မြင့် အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်၊ ထီးလိုမင်းလိုဘုရားနှင့် အာနန္ဒာဘုရားများသို့သွားရောက်၍ ပန်း၊ ရေချမ်းတို့ ကပ်လှူပူဇော် ကြည်ညိုကြပြီး အဆိုပါ ဘုရား၊ စေတီများရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

### ယွန်းထည်လုပ်ငန်းပြုလုပ်နေပုံကို လေ့လာ

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ လာအိုနိုင်ငံအဆင့်မြင့် အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်ဆိုင်သို့ သွားရောက်၍ ယွန်းထည်လုပ်ငန်း ပြုလုပ်နေပုံအဆင့်ဆင့်ကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မတ္တရာမြို့တွင် ၇ ဒသမ ၀၉ လက်မ၊ ကသာမြို့တွင် ၅ ဒသမ ၇၈ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၆၄ လက်မ၊ မဒေါက်မြို့တွင် ၄ ဒသမ ၁၇ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ တကောင်းမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကျောက်မဲမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ လောင်းလုံးမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ဝါးခယ်မမြို့နှင့် ကျိုက္ကမီမြို့တွင် ၂ ဒသမ ၆၄ လက်မစီနှင့် ကျိုက်မရောမြို့တွင် ၂ ဒသမ ၅၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကောဒသမအစည်းအဝေး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ် မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ

အဋ္ဌမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကောဒသမအစည်းအဝေးသို့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အလေးဂရုပြုကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ရှင်တော်မြတ်ဘုရား၏သာသနာတော်မြတ်ကြီးကို အရှည်ခံ၍ တည်တံ့အောင် စည်ပင်ပြန့်ပွားသည်ထက် စည်ပင်ပြန့်ပွားအောင် ထွန်းကားတိုးတက်သည်ထက် ထွန်းကားတိုးတက်အောင် ဝိတဏ္ဍာဘေးကင်းဝေးလျက် ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု အာသီသပြုလျက် နှုတ်ခွန်းဆက်သအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

"သံဃဒ္ဓကိစ္စ သံဃာဆောင်ရွက်"ဟူသော "မူ" အရ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းကာ သာသနာရေးရာ အဖြာဖြာတို့ကို သံဃာတော်များ ဆောင်ရွက်တော်မူလာကြသည်မှာ ပထမသက်တမ်းမှစ၍ ယခုအဋ္ဌမသက်တမ်းအထိ သက်တမ်းကာလ ရှစ်ကြိမ်တိုင်ခဲ့ပြီဖြစ်ပါသည် ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့်လည်း နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဂိုဏ်းအလိုက်ရွေးချယ်ဖွဲ့စည်းထားသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ပြန်တမ်းများပင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အသစ်အသစ်သော ပခုံးလွှဲတာဝန်ယူကြမည့် ဆရာတော်များ ပါဝင်လာကြရာ တပည့်တော်တို့ ယခု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူကြမည့် မျိုးဆက်သစ် သာသနာ့အာဇာနည်အရှင်မြတ်များကို မြင်တွေ့နိုင်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ပထမသင်္ဂါယနာတင်စဉ်က အရှင်အာနန္ဒာ မထေရ်မြတ်က အရှင်မဟာကဿပ မဟာထေရ်မြတ် အား "ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ – ဝိနည်းမည်သည် သာသနာတော်၏အသက်၊ ဝိနည်းတည်လျှင် သာသနာတည်သည့်အတွက် ဝိနည်းကိုသာ ရှေးဦးစွာ သင်္ဂါယနာတင်ကြပါစို့ဘုရား" ဟု လျှောက်ထားတော် မူခဲ့သည်ကို ဆရာတော်များ သိရှိတော်မူကြပြီးဖြစ်ပါသည်ဘုရား။ ထို့အတူပင် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးများက ပြဋ္ဌာန်းထားသော အခြေခံ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ အစည်းအဝေးများက သဘောတူပြဋ္ဌာန်းထားသော ကတိကဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ အခါအားလျော်စွာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ညွှန်ကြားလွှာများသည်လည်း ဝိနည်းငါးကျမ်း ပါဠိတော်များနှင့်အညီ ထုတ်နုတ်ချမှတ်ထားသည့်အတွက် ဘုရားတပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ အသက်ပင်ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဝင် အရှင်မြတ်တို့သည် ထိုအခြေခံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကတိကဝတ်များကို လေးလေးစားစား လိုက်နာကျင့်သုံး နေထိုင်ကြမှသာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အသက်ဝင်ပြီး တည်တံ့ခိုင်မြဲနေကြမည်ဖြစ်ပါသည်ဘုရား။

ထို့အပြင် အသစ်အဟောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအတွက် ဇာတကပါဠိ စတ္တာလီသနိပါတ်၊ သရာဘင်္ဂဇာတ်တော်လာ ဂါထာများကို ကောက်နုတ်၍ အကျဉ်းချုပ် လျှောက်ထားအပ်ပါသည်ဘုရား–



**ကောဓံ ဝဓိတွာ န ကဒါစိ သောစတိ၊**
**မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။**
**သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊**

**ဧတံ ခန္တိံ ဥတ္တမမာဟု သန္တော** – ဟူသော ဒေသနာတော်နှင့်အညီ ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာပြောဆိုလာသော မည်သည့်ပုဂ္ဂိုလ်ကိုသော်မှ ကောဓ အမျက်မထွက်စေဘဲ သည်းခံခြင်း ခန္တီ လက်နက်သည်သာ ကမ္ဘာလောက၌ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိသော လက်နက်ဆန်း လက်နက်ကောင်းဟူသမျှတို့ထက် အဆရာထောင်မက လွန်ကဲမွန်မြတ်သည့် သူတော်ကောင်းလက်နက်ကြီးဖြစ်ကြောင်း ပြဆိုထားပါသည်ဘုရား။

**န ဟေတမတ္ထံ မဟတီပိ သေနာ၊**
**သရာဇိကာ ယုဇ္ဈမာနာ လဘေထ။**
**ယံ ခန္တိမာ သပ္ပုရိသော လဘေထ၊**

**ခန္တိ ဗလဿူပသမန္တိ ဝေရာ** – ဟူသော ဒေသနာတော်အရ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် ပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့် ဆက်ဆံလျက် ပြဿနာအမျိုးမျိုးတို့ကို ဖြေရှင်းနေကြရသဖြင့် အားလုံး၏အလိုကျချည်း ဖြစ်နိုင်မည် မဟုတ်ပါ။ အလိုမကျသော ပုဂ္ဂိုလ်အချို့က အပြစ်ဖို့သည့်စကား ပြောဆိုလာငြားသော်လည်း မည်သူ့အားသော်မျှ ကောဓအမျက်မထွက်စေဘဲ သာသနာ့ဝန်ထမ်း ရဟန်းလောက၌ သပ္ပုရိသ ဂိုဏ်းဝင် အရှင်ကောင်းများပီပီ အကွေ့ာဘဏီ စစ်ကြီးချီ၍ တိုက်ခိုက်သော်လည်း မရနိုင်သည့် အကျိုးထူးကို ရစေနိုင်သော လက်နက်ကောင်းဖြစ်သည့် ခန္တီဂုဏ်နှင့် ပြည့်စုံတော်မူကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်ဘုရား။

**ကာယေန ဝါစာယ စ ယော ဓ သညတော၊**
**မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။**
**န အတ္တဟေတူ အလိကံ ဘဏေတိ၊**

**တထာဝိဓံ သီလဝန္တံ ဝဒန္တိ** – ဟူသော ဒေသနာတော်နှင့်အညီ ကိုယ်နှုတ်စောင့်စည်းမှု၊ စိတ်ကို ထိန်းသိမ်းမှု ဟူသော စတုပါရိ သုဒ္ဓိသီလနှင့် ပြည့်စုံစေလျက် သီလဝန္တ၊ လဇ္ဇီပေသလ သိက္ခာကာမဓမ္မဂရုဖြစ်သော ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ ပါဝင်အောင် အစဉ်မပြတ် သတိချပ်တော်မူနိုင်ကြစေရန် လျှောက်ထားလိုပါသည်ဘုရား။

**ဂမ္ဘီရပဉှံ မနသာဘိ စိန္တယံ၊**
**နာစ္စာဟိတံ ကမ္မကရောတိ လုဒ္ဒံ။**
**ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊**

**တထာဝိဓံ ပညဝန္တံ ဝဒန္တိ** – ဟူသော ဒေသနာတော်နှင့်လျော်စွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ဝန်နှင့်အား မြားနှင့်လေး ကျေးဇူးရှိမဲ့ ပြွပြွလင်းလင်း ထိုးထွင်းသိမြင်ဆင်ခြင်နိုင်သော ဉာဏ်ပညာဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စ ဟူသမျှတို့၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ရဟန်းပညာရှင်တို့ အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် မြဲမြဲကြပ်ကြပ် သတိချပ်တော်မူကြရန် လျှောက်ထားလိုပါသည်ဘုရား။

**ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊**
**သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။**
**သင်္ဂါဟကံ သခိလံ သဏှဝါစံ၊**

**တထာဝိဓံ နော သိရီ နော ဇဟာတိ** ဟူသော ဒေသနာတော်အရ လောကသားတို့ လိုလားသော ခြွေရံသင်းပင်း ပေါများခြင်း၊ ကျေးဇူးသတင်းကျော်စောခြင်း၊ လောကအလယ် ဂုဏ်မငယ်ဘဲ တင့်တယ်ဖွယ်ရာရှိခြင်းဟူသော လောကအမြတ်တေ ကျက်သရေဂုဏ် အလုံးစုံသည် ပြဆိုခဲ့ပြီးသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ သဒ္ဓါ၊ မုဒု၊ သံဝိဘာဂီ စသည့်ဖုံဖုံ ဂုဏ်ဆီပြည့်ဝ သပ္ပုရိသလက္ခဏာရှိသူတို့အပေါ်၌သာ စွဲမှီတည် နေနိုင်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကျက်သရေ ဂုဏ်တန်ခိုး ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး၏ ကျက်သရေတန်ခိုး တိုးပွားခြင်း၏ အကြောင်းလက္ခဏာများ မိမိတို့သန္တာန်ဝယ် အခြေခံရှိကြစေရန် ကြိုးစားအားထုတ်တော်မူနိုင်ကြပါစေကြောင်း လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

နိဂုံးချုပ်အနေဖြင့် လျှောက်ထားရပါလျှင် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အပါအဝင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ သာသနာ့တာဝန်ကို ပါဝင်ထမ်းဆောင်နေကြသည့် ဆရာတော်သံဃာတော် အရှင်သူမြတ် အဟောင်းအသစ်အားလုံးတို့သည် ဘုရားရှင်၏ ဝိနည်း သိက္ခာပုဒ်များ၊ သံဃာ့အဖွဲ့အစည်းကြီး၏ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြကုန်လျက် သရာဘင်္ဂဇာတ်တော်လာ သည်းခံခြင်း ခန္တီတရား၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံ၍ ရှင်ကောင်း၊ ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ကိုယ်တိုင် ပါဝင်အောင် အားထုတ်ခြင်း သီလတရား၊ သာသနာတော်အရေးကိစ္စတွင်သာမက ရုပ်နာမ်ခန္ဓာ အဖြာဖြာတို့၌ ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ထိုးထွင်းသိမြင် ဆင်ခြင်နိုင်သော ပညာတရားတို့နှင့် ပြည့်စုံအောင် မိမိတို့သန္တာန်၌ တည်ဆောက်နိုင်ကြ၍ ခြွေရံသင်းပင်းပေါများခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ လောကအမြတ်တေ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသော သပ္ပုရိသလက္ခဏာ ဂုဏ်ဆီ ထုံမှီကြိုင်သင်း သာသနာ့ဂုဏ်ကျက်သရေတိုးပွားခြင်း၏ အကြောင်းလက္ခဏာများကို ဆတက်ထမ်းပိုး တိုးပွားကြစေရန် ကြိုးစားအားထုတ်တော်မူနိုင်ကြပါစေဟု လျှောက်ထားရင်း ဘုရားတပည့်တော်၏ သာရဏီယ သြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။

---

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ မြို့တော်ဦး ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လင်းခေးမြို့နယ်ရှိ မဟာဝိဟာရစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကောဒသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကောဒသမအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

## အစည်းအဝေး ထမြောက်အောင်မြင်

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

## ဩဝါဒကထာ မြွက်ကြား

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့်သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၁၀ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာ ကိစ္စများ၊ သာသနာ့ရေးရာ ကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အစည်းအဝေး ပထမနေ့ (ဒုတိယပိုင်း) ကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာ့ရေးရာကိစ္စများ၊ ပညာရေးရာ ကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဒေါ်ပြုံးဝေသီ (သဒ္ဓမ္မ ဇောတိကဓဇ) မိသားစုနှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ကွန်ပျူတာတက္ကသိုလ် မုံရွာ၌ ၂၀၂၂ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ယင်းမာပင် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မုံရွာ- ယာကြီး- ကလေးလမ်းဘေးရှိ ကွန်ပျူတာတက္ကသိုလ် မုံရွာ၌ ၂၀၂၂ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက သစ်ပင်စိုက်ပျိုးပွဲအတွက် သပြေဘူတပျိုးပင်ကို ကွန်ပျူတာတက္ကသိုလ် မုံရွာပါမောက္ခချုပ် ဒေါက်တာ စိုးစိုးခိုင်ထံသို့ လည်းကောင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးနိုင်လင်းက ကျွန်းပျိုးပင်ကို ဒုတိယပါမောက္ခချုပ် ဒေါက်တာ နှင်းနှင်းအေးထံသို့လည်းကောင်း၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း က ခရေပျိုးပင်ကို ဒေသခံပြည်သူ တစ်ဦးထံသို့ လည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ် မုံရွာပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက သပြေဘူတပင်၊ ကျွန်းပင်၊ ခရေပင်၊ တမာပင်၊ မဲဇလီပင်၊ စိန်ပန်းပင်၊ ကုက္ကိုပင်နှင့် သစ်ဖြူပင် စုစုပေါင်းပျိုးပင် ၃၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်း စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



ကွန်ပျူတာတက္ကသိုလ် မုံရွာ၌ ၂၀၂၂ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပစဉ်။

# ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ခရီးသွားဝင်ရောက်မှု ပြန်လည်များပြား

**နေပြည်တော် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ခရီးသွားဝင်ရောက်မှု ပြန်လည်များပြားလာကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံဌာနခွဲ၏ အချက်အလက်များအရသိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု နည်းပါးသွားခဲ့ပြီး ယခုအခါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ ဖြေလျှော့ပေးခဲ့သည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်လာပြီး ၂၀၂၂ ခုနှစ် မေလအထိ ပြည်တွင်းခရီးသွား ၉၀၉၇၃ ဦးနှင့် ပြည်ပခရီးသွား ၁၇၂၃ ဦး၊ ခရီးသွားဧည့်သည် စုစုပေါင်း ၉၂၆၉၆ ဦး ဝင်ရောက်တည်းခိုကြောင်း သိရသည်။

"ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု လျော့နည်းလာတဲ့အတွက် ခရီးသွားတွေ ပုံမှန်ပြန်လည်ဝင်ရောက်လာပြီ ဖြစ်ပါတယ်။ စနေ၊ တနင်္ဂနွေနဲ့ အများပြည်သူ ရုံးပိတ်ရက်တွေမှာ ဝင်ရောက်မှုပိုမိုများပြားပါတယ်။ အခုဆိုရင် နိုင်ငံတကာလေကြောင်းလိုင်းတွေ ပြန်လည်ခွင့်ပြုပြီဖြစ်တဲ့အတွက် ပြည်ပခရီးသွားဝင်ရောက်မှုလည်း ရှိနေပြီဖြစ်ပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

ပုဂံ-ညောင်ဦးတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ မန္တလေးတိုင်းဒေသကြီး၏ လုပ်ငန်းလိုင်စင်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟိုတယ် ၁၁၂ လုံး၊ တည်းခိုရိပ်သာ ၄၂ လုံး ရှိပြီး ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားသည့် ဟိုတယ် ၈၂ လုံး၊ တည်းခိုရိပ်သာ ၂၅ လုံး တို့အနက် လက်ရှိဖွင့်လှစ်ထားသည့် ဟိုတယ် ၅၂ လုံးနှင့် တည်းခိုရိပ်သာ ၁၁ လုံး ရှိကြောင်း သိရသည်။

"ဟိုတယ်တွေက ၂၀၂၁ ခုနှစ် မတ်လကတည်းက ပြန်လည်ဖွင့်လှစ်ခွင့် ပြုထားပါတယ်။ ဒါပေမယ့် ကိုဗစ်ဖြစ်ပွားမှုက တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့မို့ အရင်လို လုပ်ငန်းလည်ပတ်မှုဖြစ်ဖို့ကတော့ အချိန်ယူရမှာဖြစ်ပါတယ်။ အခုတော့ ကိုဗစ်ဖြစ်ပွားမှုက လျော့ကျပြီဖြစ်တဲ့အတွက် အရင်လို ပြည်တွင်းပြည်ပခရီးသွား အဆက်မပြတ် ဝင်လာမယ်ထင်ပါတယ်။ ကျွန်တော်တို့ဆီကို ပြည်တွင်းပြည်ပ ခရီးသွားတွေ ပိုပြီးလာလည်ချင်အောင် ခရီးစဉ်လုံခြုံရေးနဲ့ သက်သောင့်သက်သာရှိရေးကို အထူးဦးစားပေး စီစဉ်ထားတဲ့ ခရီးစဉ်တွေနဲ့ ဆွဲဆောင်ပြီး ခရီးသွားလုပ်ငန်းတွေကို အရှိန်မြှင့်သင့်ပါတယ်" ဟု Bagan Viewing Tower မှ Group General Manager ဦးထွန်းဇော်ဦးက ပြောသည်။

**ဟန်ရဲ**

## သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ နန့်စလိမ်ချောင်းတံတားဖွင့်ပွဲသို့ တက်ရောက်



**နေပြည်တော် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ နန့်စလိမ်ချောင်း တံတားဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးနှင့် ဝေးလံခေါင်းပါးသော ဒေသများမကျန် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဖွံ့ဖြိုးမှုနည်းပါးသည့် ခန္တီးခရိုင်အတွင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံဖြစ်သည့် လမ်းသစ်များ ဆောက်လုပ်ခြင်းနှင့် တံတားများ တည်ဆောက်ပေးခြင်း၊ ရှိပြီးလမ်းတံတားများကို အဆင့်မြှင့်တင် တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဝင်ပေါက်ဖြစ်သည့် သက္ကယ်ကျင်း- ဖောင်းပြင်- ဟုမ္မလင်း- ခန္တီးလမ်း၊ ခန္တီး-ဆင်သေ-လဟယ်လမ်းနှင့် ဆင်သေ-လဟယ်-နန်းယွန်းလမ်းများကိုလည်း နှစ်စဉ်ခွင့်ပြုရန်ပုံငွေများ ချမှတ်ပေးကာ ဆောင်ရွက်လျက်ရှိသည့်အတွက် နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ချင်းတွင်းအထက်ပိုင်းဒေသများ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ ကုန်သွယ်စီးဆင်းရေးလုပ်ငန်းများ မြန်ဆန်အဆင်ပြေစေမည်ဖြစ်ပြီး တိုင်းရင်းသားဓလေ့ထုံးစံများနှင့် သဘာဝကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ကြီးကြပ်လမ်းညွှန်မှုများနှင့်အညီ အဆင့်အတန်းရှိရှိ ယခုတံတားကြီးကို တည်ဆောက်ပေးခဲ့၍ ကျေနပ်နှစ်သိမ့်ရုံဖြင့်မပြီးဘဲ ထိုတံတားကြီးသည် နိုင်ငံတော်အကျိုးနှင့် ဆက်စပ်ပြီး ဒေသ၏ အကျိုးစီးပွားကိုလည်း အကျိုးပြုမည်ဖြစ်သည့်အတွက် မိမိဒေသအတွင်းတွင်ရှိသည့် ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု တံတားကြီးကို နောင်လာမည့် မိမိတို့၏ သားစဉ်မြေးဆက်အထိ ရေရှည်အသုံးပြုနိုင်အောင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ထွန်းလင်းက နန့်စလိမ်ချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံတိုင်းရင်းသားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က နန့်စလိမ်ချောင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး (ဓာတ်ပုံ) တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဒေသခံတိုင်းရင်းသားများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နန့်စလိမ်ချောင်း တံတားအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး တိုင်းရင်းသား ရိုးရာအကအဖွဲ့များကို ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ နန့်စလိမ်ချောင်းတံတားသည် ခန္တီးမြို့-ဆင်သေ-လဟယ်လမ်း မိုင်တိုင် (၂၄/၄) ပေါ်တွင် တည်ရှိပြီး ကိုယ်ထည်သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ အပေါ်ထည် သံကူကွန်ကရစ်ရက်မ+ သံမဏိရက်မ၊ ယာဉ်သွားလမ်း သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတား အရှည် ၃၃၀ ဒသမ ၄၅ ပေ၊ တံတားအကျယ် ၃၀ ဒသမ ၅ ပေ၊ တံတားကင်းလွတ် အမြင့် သုံးပေ၊ တံတားခံနိုင်ဝန် တန် ၆၀ စုစုပေါင်းကုန်ကျငွေကျပ်သန်း ၁၆၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးအဖွဲ့ (၁) တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇူလိုင် ၂ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ညွှန်ကြားရေးမှူးချုပ်က ရှမ်းပြည်နယ်အတွင်းရှိ စက်မှုဇုန်များအခြေအနေ၊ စက်မှုမှတ်ပုံတင်ပြုလုပ်ပေးနေမှု၊ ဘွိုင်လာနှင့် လျှပ်စစ် အသုံးပြုလုပ်ငန်းများ စစ်ဆေးပေးမှု၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကူညီပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန်၊ စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်မှုပေးနိုင်သည့်ကဏ္ဍမှ ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဘွိုင်လာဥပဒေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ဆောင်ရွက်ရန်၊ စက်မှုဇုန်အလိုက် ဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ပြုစုသုံးသပ်ရန်၊ စက်မှုလက်မှုလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း တိုးတက်ဆောင်ရွက်နေသည့် အခြေအနေများကို ပြုစုထားရန်နှင့် သုံးလ တစ်ကြိမ် စောင့်ကြည့် သုံးသပ်သွားရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး စက်ရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက Waste Heat Boiler နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ မေးမြန်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးအား ခေတ္တစက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံပြန်လည် လည်ပတ်နိုင်ရေး စက်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများ စစ်ဆေးပြုပြင်သည့် လုပ်ငန်းများကို အချိန်ဇယားနှင့်အညီ ဆောင်ရွက်ရန်နှင့် အရည်အသွေး ပြည့်ဝစွာ ပြီးမြောက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) သည် သံနှင့် သံမဏိများ ထုတ်လုပ်ရန် အဓိကကျသော သံစိမ်းများကို ထုတ်လုပ်မည်ဖြစ်၍ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ သံနှင့် သံမဏိပစ္စည်းများ၏ ဓာတုနှင့် ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိတို့ တိုင်းတာသည့် စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းရန်၊ ရေးဆွဲနေသည့် Waste Heat Boiler အစိတ်အပိုင်း၏ ဒီဇိုင်းနှင့်ပတ်သက်သည့် ပုံစံတူဒီဇိုင်းများနှင့် အသေးစိတ်ရုပ်ပုံကားချပ်များကို စနစ်တကျ သိမ်းဆည်းထားရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ရေးဆွဲဆောင်ရွက်ရန်နှင့် သံစိမ်းထုတ်လုပ်သည့် နည်းပညာများနှင့် စက်ထိန်းချုပ်ခံစနစ်များကို လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Romelt Shop, Waste Heat Boiler, 2 Lift Pump House, Ore Preparation Unit, Air Separation Unit အတွင်းရှိ စက်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ပိုနေမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း (၃/၂၀၂၂) ဖွင့်လှစ်

## သင်တန်းရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် လက်တွေ့လုပ်ငန်းတွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရေး ကြိုးစားသင်ယူ




နေပြည်တော် ဇူလိုင် ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဖွင့်လှစ်သော အရာရှိ စွမ်းရည်မြှင့်သင်တန်း (၃/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်မီဒီယာကို နုပျိုသစ်လွင်သည့် အစီအစဉ်များဖြင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပင်မလုပ်ငန်း တာဝန်ဖြစ်သည့် ပြည်သူ့စာကြည့်တိုက် လုပ်ငန်းများကို သမားရိုးကျစနစ်ဖြစ်သည့် စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးဆွဲခြင်း၊ စာအုပ်များ ငှားရမ်းခြင်းလုပ်ငန်းများကို ခေတ်ကာလနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် ပြောင်းလဲ တိုးတက်လာသော နည်းပညာများနှင့်အညီ Digital Library စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်း၊ Digital Library စနစ်သို့ အဆင့်မြှင့်တင် နိုင်ရေးအတွက် e-Library Management System Software အသုံးပြုနည်း သင်တန်း သုံးကြိမ်ဖွင့်လှစ်၍ ဝန်ထမ်း ၈၉ ဦးအား လေ့ကျင့်သင်ကြားပေးမှုနှင့်အတူ Digital Library စနစ်သို့ အဆင့်မြှင့်တင်မည့် ခရိုင်နှင့် မြို့နယ်ရုံးများကို ကွန်ပျူတာများအပါအဝင် လိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း။

အရာရှိ စွမ်းရည်မြှင့်သင်တန်း (၃/၂၀၂၂) တက်ရောက်ကြမည့် ဒုတိယညွှန်ကြားရေးမှူး (တာဝန်ပေး)များ၊ လက်ထောက်ညွှန်ကြားရေးမှူးများအနေဖြင့် Digital Library စနစ်သို့ အဆင့်မြှင့်တင်၍ စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြီးကြပ် ဆောင်ရွက်နိုင်ရန် e-Library Management System Software အသုံးပြုနည်း ဘာသာရပ်ကို ယခုသင်တန်းတွင် ထည့်သွင်းပို့ချပေးသွားမည် ဖြစ်ကြောင်း၊ အရာရှိစွမ်းရည်မြှင့် သင်တန်းများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးများဖြင့် နှစ်ကြိမ်ဖွင့်လှစ်ရန် လျာထားခဲ့သော်လည်း လုပ်ငန်းဆိုင်ရာ အရည်အသွေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများ ပိုမိုကျွမ်းကျင်လာစေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများရှိ ဒုတိယညွှန်ကြားရေးမှူး (တာဝန်ပေး) များကိုပါ တက်ရောက်စေပြီး သင်တန်းများကို သုံးကြိမ်အထိ တိုးမြှင့်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မေလနှင့်ဇွန်လအတွင်း အရာရှိစွမ်းရည်မြှင့်သင်တန်း နှစ်ကြိမ်ဖွင့်လှစ်၍ ဒုတိယညွှန်ကြားရေးမှူး (တာဝန်ပေး)နှင့် လက်ထောက်ညွှန်ကြားရေးမှူး ၅၆ ဦးကို ပို့ချပေးနိုင်ခဲ့ကြောင်း။

ယခုဖွင့်လှစ်သည့် အရာရှိစွမ်းရည်မြှင့်သင်တန်း(၃/၂၀၂၂)ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူး (တာဝန်ပေး) လေးဦးနှင့် ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ၁၅ ဦး ပေါင်း ၁၉ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း၊ သင်တန်းတွင် အရည်အချင်း ပြည့်ဝသည့် ခေါင်းဆောင်များ ဖြစ်လာစေရန်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန်အတွက် ခေါင်းဆောင်မှုဘာသာရပ်၊ ဦးစီးဌာနလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေး ဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဘာသာရပ်၊ ဘဏ္ဍာရေးစည်းမျဉ်း ဘာသာရပ်များကို ပို့ချပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း သင်တန်းစည်းကမ်းချက်များကို တိကျစွာ လိုက်နာ၍ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် လက်တွေ့လုပ်ငန်းတွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရေး အစွမ်းကုန်ကြိုးစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့သည်။

ဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ်စိုက်ထည့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ် စိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် အဖွဲ့ဝင်များ ဖြစ်ကြသော ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဥက္ကဋ္ဌ ဦးသန်းဆွေက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌရုံးအဖွဲ့နှင့် ဦးစီးဌာနများမှ ဝန်ထမ်းများအတွက် ပျိုးပင်များကို အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးသည်။ ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ဝန်ထမ်းများက ကံ့ကော်၊ ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ မယ်ဇယ်၊ ပိတောက်၊ တည်ပင်၊ စက္ကူပန်းပင် စသော နှစ်ရှည်ပင်၊ ပန်းအလှပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၃၀၀ ကို သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြသည်။ ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဆည်အမှတ်(၂၆)အတွင်း ငါးသယံဇာတများ မြှင့်တင်နိုင်ရေး ငါးမျိုးစိတ် စိုက်ထည့်ခြင်းအနေဖြင့် ငါးမြစ်ချင်း စုစုပေါင်းကောင်ရေ ၂၀၅၀၀ စိုက်ထည့်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ( ဌ ) တွင် ပြဋ္ဌာန်းထားသော "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း" တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့် ဦးမင်းမင်းဦးတို့ ဦးဆောင်ပြီး ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဇွန် ၃၀ ရက်မှ ဇူလိုင် ၃ ရက်အထိ စစ်ဆေးဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ယနေ့အထိ နိုင်ငံရေးပါတီ ၈၅ ပါတီ စစ်ဆေးခဲ့ပြီး စစ်ဆေးရန် ကျန်ရှိသည့် နိုင်ငံရေးပါတီ ခုနစ်ပါတီကို ဆက်လက် စစ်ဆေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဒိန်းမတ်နိုင်ငံ၌ ဈေးဝယ်စင်တာတစ်ခုတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦး သေဆုံး



သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပြည်သူများ အထိတ်တလန့်ပြေးလွှားနေကြသည်ကို တွေ့ရစဉ်။

**ကိုပင်ဟေဂင် ဇူလိုင် ၄**

ဒိန်းမတ်နိုင်ငံ မြို့တော်ကိုပင်ဟေဂင်ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ဇူလိုင် ၃ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး သုံးဦးထက်မနည်း သေဆုံးကာ အများအပြားထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ရဲတပ်ဖွဲ့သည် အဆိုပါပစ်ခတ်မှုနှင့်ပတ်သက်ပြီး သတင်းရရှိပြီးနောက် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်ခဲ့ကြောင်း၊ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာနေရာမှ သံသယရှိသူ အသက် ၂၂ နှစ် အရွယ် ဒိန်းမတ်နိုင်ငံသား တစ်ဦး ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရသည့် သုံးဦးသည် စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ မျက်မြင်သက်သေတစ်ဦးက သေနတ်ပစ်ခတ်သံ ၁၀ ချက်ခန့် ကြားပြီးနောက် ဈေးချိုးခန်းထဲသို့ ပြေးဝင်ကာပုန်းအောင်းနေခဲ့ကြောင်း၊ အသက်အန္တရာယ်ထိခိုက်မှာ စိုးရိမ်ကြောင်းနှင့် လူများ ထွက်ပေါက်ရှိရာသို့ အထိတ်တလန့် ပြေးလွှားသွားကြကြောင်း ဒေသတွင်း မီဒီယာသို့ ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်တွင် ရုတ်တရက် ရေလွှမ်းမှုအန္တရာယ်ရင်ဆိုင်နေရ

**ဆစ်ဒနီ ဇူလိုင် ၄**

ဩစတြေးလျနိုင်ငံ၏ အရှေ့တောင်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင် ဇူလိုင် ၂ ရက်က စတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆစ်ဒနီနှင့် နယူးဆောက်ဝေးလ်ပြည်နယ် အရှေ့တောင်ပိုင်း၏ နေရာအနှံ့အပြားတွင် လျှပ်တစ်ပြက်ရေလွှမ်းမိုးမှုနှင့် ပြင်းထန်သောရာသီဥတု အခြေအနေများ ရင်ဆိုင်နေရသည်။



နယူးဆောက်ဝေးလ်ပြည်နယ် လမ်းမကြီးတစ်ခု၌ ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

နယူးဆောက်ဝေးလ် ပြည်နယ် ဝန်ကြီးချုပ် ဒိုးမနစ် ပါရော့တက်သည် ဇူလိုင် ၄ ရက်က ပြည်သူများအား မိန့်ခွန်းပြောကြားခဲ့ပြီး ရေဘေးသင့် ဒေသများတွင် နေထိုင်သူများအနေဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေ ဆိုင်ရာ ဝန်ဆောင်မှုဌာန၏ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတိပေးချက်ရရှိပါက ဘေးလွတ်ရာသို့ ထွက်ခွာရန် အသင့်ပြင်ထားရန်နှင့် ရွှေ့ပြောင်းရန် ညွှန်ကြားချက်ရရှိပါက ချက်ချင်းထွက်ခွာနိုင်ရေး အရေးပေါ်ညွှန်ကြားချက်များကို လိုက်နာကြရန် တိုက်တွန်းပြောကြားသည်။

နယူးဆောက်ဝေးလ် ပြည်နယ်အတွင်း နိုင်ငံတော်အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ဆောင်မှုဌာနသို့ ဇူလိုင် ၃ ရက်ညပိုင်းမှ ဇူလိုင် ၄ ရက် နံနက်ပိုင်းအထိ အရေးပေါ် အကူအညီတောင်းခံမှု ၁၅၉၃ ကြိမ်ရှိခဲ့ပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်း ၈၃ ကြိမ်လုပ်ဆောင်ခဲ့ရကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။ ပြည်နယ်တစ်ဝန်းနှင့် ဆစ်ဒနီမြို့အနီးရှိ လူဦးရေ ၃၂၀၀၀ ကိုဘေးလွတ်ရာ ရွှေ့ပြောင်းပေးရန် အရေးပေါ်ကယ်ဆယ်ရေး ညွှန်ကြားမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပြည်နယ်အတွင်းရှိ ရေကြီးရေလျှံမှု အဆိုးရွားဆုံးခံစားရသည့် နေရာများတွင် အရေးပေါ်ကယ်ဆယ်ရေးစင်တာ ခုနစ်ခု ဖွင့်လှစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင် ၅ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုများ ဆက်လက်ကြုံတွေ့ရနိုင်ကြောင်း၊ ပြည်နယ်တစ်ဝန်း မိုးရေချိန် ၅၀ မှ ၁၀၀ မီလီမီတာအထိ ထပ်မံရွာသွန်းနိုင်ပြီး လျှပ်တစ်ပြက်ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

**ဆင်ဟွာ**

# ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ တစ်သန်းကျော်သည့် စတုတ္ထမြောက်နိုင်ငံ အီတလီဖြစ်လာ

**ရောမ ဇူလိုင် ၄**

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လျင်မြန်စွာ တိုးလာသည့်အတွက် အီတလီနိုင်ငံ၌ ဇူလိုင် ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲ လူနာအရေအတွက်သည် တစ်သန်းကျော်လွန်လာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အီတလီနိုင်ငံ၌ ဇွန် ၁၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာအရေအတွက်သည် ၅၇၅၀၀၀ အောက် သာရှိခဲ့ရာမှ ၁၆ ရက်အတွင်း ၇၅ ရာခိုင်နှုန်းကျော်တိုးလာသောကြောင့် ဇူလိုင် ၃ ရက်တွင် ပိုးတွေ့ဆဲလူနာ တစ်သန်းကျော်လာခြင်းဖြစ်ကြောင်း သိရသည်။

ကူးစက်မှုနှုန်းတိုးလာရခြင်းသည် အများစုမှာ ဗီဇပြောင်းဗိုင်းရပ်စ် အိုမီခရွန်-၅ ကြောင့်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အမေရိကန်နိုင်ငံက ၃ ဒသမ ၅ သန်း၊ ဂျာမနီ နိုင်ငံက ၁ ဒသမ ၅ သန်း၊ ပြင်သစ်နိုင်ငံက ၁ ဒသမ ၄ သန်း ပြီးနောက် ကမ္ဘာပေါ်တွင် အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ တစ်သန်းကျော်လာသည့် စတုတ္ထမြောက် နိုင်ငံဖြစ်လာခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

**ဆင်ဟွာ**



ဒိန်းမတ်နိုင်ငံ၌ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်၍ သွားလာနေကြသူများကို တွေ့ရစဉ်။

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ခရီးသည်တင်ယာဉ်တစ်စီး ချောက်ထဲပြုတ်ကျသဖြင့် ၁၂ ဦးသေ

❖ အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ တောင်တန်းဒေသဖြစ်သည့် ဟီမာချယ်ပရာဒေ့ရှ် ပြည်နယ်အတွင်း ခရီးသည်တင်ယာဉ်တစ်စီး ချောက်ထဲထိုးကျမှုကြောင့် စုစုပေါင်း ၁၂ ဦးသေဆုံးပြီး ဒဏ်ရာသူများလည်းရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ခရီးသည် ၂၀ ခန့်ပါရှိသည့် အဆိုပါ ခရီးသည်တင်ယာဉ်သည် ဟီမာချယ် ပရာဒေ့ရှ်ပြည်နယ် ကူးလူခရိုင်အတွင်းရှိ ဆိုင်နစ်တောင်ကြားအရောက်တွင် ချောက်အတွင်းထိုးကျခဲ့ ခြင်းဖြစ်သည်။ အချို့သော ဒဏ်ရာရသူများသည် စိုးရိမ်ရသည့် အခြေအနေတွင် ရှိသောကြောင့် သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း ကူးလူမြို့မှ လက်ထောက်အုပ်ချုပ်ရေးမှူး အရွတ်တော့ ဂရက်က ဆိုသည်။

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၆၁၃၅ ဦး တွေ့ရှိ

❖ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၁၃၅ ဦး ထပ်မံတွေ့ရှိကြောင်း ဇူလိုင် ၄ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော ၂၄ နာရီအတွင်း စုစုပေါင်း လူဦးရေ ၃၃၂၉၇၈ ဦးကို ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရမှု ရှိ မရှိ စမ်းသပ်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၄ ဦး ရှိသည့်အတွက် အိန္ဒိယနိုင်ငံတွင် အဆိုပါ ရောဂါဖြင့် သေဆုံးသူ ၅၂၅၂၂၃ ဦးအထိ ရှိလာပြီဖြစ်သည်။

### တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၆၂၅၃ ဦး တွေ့ရှိ

❖ တောင်ကိုရီးယားနိုင်ငံသည် ဇူလိုင် ၃ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူ ၆၂၅၃ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၄ ရက်တွင် ပြောသည်။ အဆိုပါ ကူးစက်ခံရမှု အရေအတွက်သည် လွန်ခဲ့သောရက်က ကူးစက်မှု ၁၀၀၅၉ ဦးမှ လျော့ကျလာခြင်းဖြစ်ကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောသည်။ ထို့အပြင် အဆိုပါ ကူးစက်ခံရသူများအနက် ၁၆၄ ဦးသည် ပြည်ပပြန် ကူးစက်မှုဖြစ်သဖြင့် စုစုပေါင်း ပြည်ပပြန်ကူးစက်မှုအရေအတွက်သည် ၃၅၉၂၆ ဦးအထိ ရှိလာပြီ ဖြစ်သည်။

### မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၅၃၆ ဦး တွေ့ရှိ

❖ မလေးရှားနိုင်ငံသည် ဇူလိုင် ၄ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၃၆ ဦး ထပ်မံ တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် သုံးဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ၂၅၃၃ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း သိရသည်။ ထို့အပြင် မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ငါးဦးရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၃၅၇၇၆ ဦးအထိရှိလာပြီ ဖြစ်သည်။

### ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၅ ဦး ထပ်မံတွေ့ရှိ

❖ ဗီယက်နမ်နိုင်ငံသည် ဇူလိုင် ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၈၅ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ တွေ့ရှိမှုသည် ဇူလိုင် ၃ ရက်က ရောဂါပိုးတွေ့ရှိမှုထက် ၁၇၃ ဦး တိုးလာကြောင်း သိရသည်။ အဆိုပါ ကူးစက်ခံရသူများကြောင့် ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၇၄၉၃၂၄ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့အပြင် ဗီယက်နမ်နိုင်ငံတွင် ရောဂါကင်းစင်၍ ဆေးရုံမှဆင်းခွင့်ရရှိသူ ၉၇၁၅၁၆၃ ဦး (ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၀ ရာခိုင်နှုန်းကျော်) ရှိကြောင်း သိရသည်။

# ဇူလိုင် ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၅ ရာခိုင်နှုန်းရှိ

(၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၄၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၉၁,၁၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၃,၆၅၉) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၉၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၇၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၁၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၅၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၁၁၆) ခု | (၈) ဦး |
| စုစုပေါင်း | (၄,၄၄၇) ခု | (၁၁) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၃၅ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၄၁၅ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၇၂၅ |
| 95 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၃၅ | ၂၃၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၇၈၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၉၇၅ |
| HSD (50 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၀ | ၂၄၈၀ | ၂၄၈၀ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၅ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၂၀ | ၃၀၀၅ |
| HSD (10 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၀ | ၂၄၈၀ | ၂၄၈၀ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၅ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၂၀ | ၃၀၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၆၃ |
| 95 Ron | ၂၁၀၆ | ၂၁၈၂ |
| HSD (500 ppm) | ၂၂၇၇ | ၂၃၅၂ |
| HSD (50 ppm) | ၂၃၀၄ | ၂၃၈၀ |
| HSD (10 ppm) | ၂၃၀၄ | ၂၃၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လာရောက်လေ့လာစေချင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တစ်ခွင်

**သီသီသောင်း**

မြန်မာနိုင်ငံ၌ အမျိုးသားပြတိုက်၊ ရှေးဟောင်း သုတေသနပြတိုက်၊ တိုင်းရင်းသား ယဉ်ကျေးမှုပြတိုက်၊ ကျောက်မျက်ပြတိုက်၊ မီးသတ်ပြတိုက်၊ ဘုရားပြတိုက်စသည်ဖြင့် ပြတိုက်အမျိုးအစားများစွာရှိသည့်အနက်မှ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် အထိမ်းအမှတ်ပြတိုက် (Memorial Museum) အမျိုးအစားတွင် ပါဝင်ပါသည်။

အထိမ်းအမှတ် ပြတိုက်ဟူသည် သမိုင်းကြောင်းတွင် ထူးခြားထင်ရှားသည့် လူပုဂ္ဂိုလ်၊ သမိုင်းဝင်ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်၊ နေရာ၊ အဆောက်အအုံကို အများပြည်သူတို့ အမြဲအမှတ်ရနိုင်စေရန်၊ ပြည်သူလူထုအား အသိပညာပေးနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည်ကား မြန်မာနိုင်ငံ၏လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့အထိ နေထိုင်ခဲ့သည့်နေအိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသဖွင့်လှစ်ထားခြင်းပင် ဖြစ်ပါသည်။

အားလပ်ရက် နေ့တစ်နေ့တွင် ကျွန်မတို့မိသားစုသည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို သွားရောက်လေ့လာဖြစ်ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် အမှတ်(၂၅) ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင် တာဝါလိန်းလမ်း) ဗိုလ်ချို(၁) ရပ်ကွက် ဗဟန်းမြို့နယ်တွင် တည်ရှိပါသည်။ ယခင်က တာဝါလိန်းလမ်း (Tower Lane)ဟု အမည်ခေါ်တွင်ရခြင်းမှာ တောင်ကုန်းမြင့်ပေါ်တွင် မြင့်မြင့်မားမား တည်ရှိနေသည့် ဗိုလ်ချုပ်အိမ်၏ ထိပ်ပိုင်းမျှော်စင် (Tower) ပုံစံကို အစွဲပြု၍ ခေါ်တွင်ခြင်း ဖြစ်ပါသည်။ ခြံဝင်းအကျယ်မှာ ၂ ဒသမ ၄၂၃ ဧက အကျယ်အဝန်းရှိ၍ ဘဲဥပုံသဏ္ဌာန် (Oval shape) ဖြစ်ပြီး ဗိုလ်ချုပ်၏ နေအိမ်အဆောက်အအုံကို ၁၈ ပေမြင့်သည့် တောင်ကုန်းပေါ်တွင် တောင်ဘက်သို့ မျက်နှာစာပြုကာ တည်ဆောက်ထားပါသည်။ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ထားသည့် အနောက်တိုင်း ဗိသုကာပုံစံ (Victorian Architectural Design) ပုံစံ လှပသည့်အိမ်လေးပင် ဖြစ်ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို မလေ့လာမီ ဗဟုသုတရစေရန်အလို့ငှာ ပြတိုက်၏နောက်ခံသမိုင်းအား အကျဉ်းချုံ့ဖော်ပြရသော် -**

ဗိုလ်ချုပ်အောင်ဆန်းသည် ဤအိမ်၌ မိသားစုနှင့်အတူ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ ငှားရမ်းနေထိုင်ခဲ့ပြီး ဗိုလ်ချုပ်ကျဆုံးပြီး နောက်ပိုင်း ၁၉၄၈ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ်ရန်ပုံငွေဖြင့် အမှုဆောင်အဖွဲ့သည် ပိုင်ရှင်ထံမှ ငွေကျပ်သုံးသောင်းပေးချေ၍ စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူကာ ကျန်ရစ်သူမိသားစုများ ဆက်လက်နေထိုင်ခဲ့ကြပါသည်။

ဗိုလ်ချုပ်ကွယ်လွန်ပြီး ကျန်ရစ်သူမိသားစု ဆက်လက်နေထိုင်ခဲ့ရာမှ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ အသက် ၈ နှစ်အရွယ် ဒုတိယသား အောင်ဆန်းလင်းသည် နေအိမ်ခြံဝင်း၏ အရှေ့တောင်ဘက်ရှိ ရေကန်တွင် ရေနစ်သေဆုံးသွားခဲ့ပါသည်။ ထို့နောက်ပိုင်း ဗိုလ်ချုပ်မိသားစုများသည် အမှတ်(၅၄) တက္ကသိုလ်ရိပ်သာလမ်း နေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကာ ဤအိမ်ကြီး၌ မည်သူမျှ ဆက်လက်နေထိုင်ခြင်း မရှိတော့ပါ။

**အများပြည်သူ ကြည့်ရှုနိုင်ရေးဖွင့်လှစ်**

ထို့ကြောင့် ဗိုလ်ချုပ်နေထိုင်ခဲ့သည့်နေအိမ်ကို အထိမ်းအမှတ်ပြတိုက်အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် ၁၉၅၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ယဉ်ကျေးမှုဗိမာန်ညွှန်ကြားရေးဝန် ဦးသာမြတ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးအရာရှိ Dr. Nibarran Rays၊ အမျိုးသားပြတိုက် ပြတိုက်မှူးကြီး ဒေါ်ညွန့်ဟန်နှင့် အဖွဲ့ဝင်များက လာရောက်လေ့လာမှုများ ပြုလုပ်ခဲ့ကြပြီး အများပြည်သူ ကြည့်ရှုနိုင်ရေးအတွက် အထိမ်းအမှတ်ပြတိုက်အဖြစ် ဖွင့်လှစ်နိုင်ရန် ကြိုးစားစီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

**ပုံစံမပျက် နေရာချထား**

၁၉၅၇ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံမှ အထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်ပြသနိုင်ရန်အတွက် ပရိဘောဂပစ္စည်း ၅၃ မျိုး၊ အသုံးအဆောင်ပစ္စည်း ၉၁ မျိုးကို ပြတိုက်ပစ္စည်းများအဖြစ် ဝယ်ယူစုဆောင်းရရှိခဲ့ပါသည်။ ၎င်းတို့ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် ကားနံပါတ် RC 2874 Wolseley အမျိုးအစားကားကို တန်ဖိုး ၁၀၀၀၀ ကျပ်၊ ဗိုလ်ချုပ်အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် Phillip Radio ကို တန်ဖိုး ၇၀၀ ကျပ် အပါအဝင် ဝယ်ယူစုဆောင်းရရှိသော ပစ္စည်းများ၏ တန်ဖိုးမှာ ၂၂၈၂၂ ကျပ် ဖြစ်ပါသည်။ ၎င်းပြသပစ္စည်းများကို ဗိုလ်ချုပ်ကတော်ကိုယ်တိုင် လာရောက်ပြီး မိသားစုနှင့်အတူ နေထိုင်ခဲ့စဉ်က အတိုင်း ပုံစံမပျက် နေရာချထားခင်းကျင်းပေးခဲ့ကြောင်း သိရှိရပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကို စတင်လေ့လာရသော် ဝင်ဝင်ချင်းပြတိုက်အဝ၌ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ဆိုင်းဘုတ်ကို တွေ့မြင်ရပါသည်။ ပြတိုက်အဝင်ဘယ်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် ကားနံပါတ်(RC-2874) Wolseley အမျိုးအစားကားကို ကားရုံအတွင်း မှန်များကာရံကာ ပြသထားပါသည်။ ပြသထားသည့် ကားရှေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၆ ရက် ဘုရင်ခံကောင်စီမှ ဒုတိယသဘာပတိ ရာထူးလက်ခံပြီးနောက် ရရှိခဲ့သည်ဟု ဖော်ပြထားပါသည်။ ဂျစ်ကားနံပါတ် (၆၆) အစား ၁၉၄၇ ခုနှစ် ဇန်နဝါရီလ လကုန်ပိုင်းတွင် လက်ခံခဲ့ပြီး ဗိုလ်ချုပ်မကျဆုံးမီ ၁၉ ဇူလိုင် ၁၉၄၇ ခုနှစ်အထိ အသုံးပြုခဲ့သည်ဟု မှတ်သားရပါသည်။ ဗိုလ်ချုပ်စီးခဲ့သောကားကို လေ့လာပြီးနောက် ကျွန်မသည် ဗိုလ်ချုပ်မကျဆုံးမီ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလက ထိုကားကို အသုံးပြုပြီး အစည်းအဝေးများတက်ရောက်နေမည့် ပုံများကို တွေးဆမြင်ယောင်မိပါသည်။

ကားရုံအတွင်းမှ ထွက်လာလျှင် ကုန်းမြင့်မြင့်ပေါ်တွင် တည်ဆောက်ထားသည့် ဗိုလ်ချုပ်အိမ်သို့ တက်ရောက်ရာ ကွန်ကရစ်လမ်းတစ်လျှောက် ဘေးဘက်ရှိ မြေထိန်းနံရံ၊ အပင်မြင့်ကြီးများကို ငေးမောရင်း တဖြည်းဖြည်းတက်လာရာ အိမ်အပေါ်ထပ် တာဝါပုံစံခေါင်မိုးချွန်လေးနှင့် လမ်းတစ်လျှောက် ခြံဝင်းအတွင်း မြေယာအလှရှုခင်း၊ ရွှေကြက်ယက်ဘုရားရှုခင်းများနှင့် မိသားစုအမှတ်တရဓာတ်ပုံရိုက်ရင်း ဗိုလ်ချုပ်အိမ်သို့ တက်လှမ်းသောလှေကားထစ်သို့ ရောက်ရှိလာပါသည်။

**ချိတ်ဆွဲပြသထား**

ထို့နောက် ဗိုလ်ချုပ်အိမ်ပေါ်သို့ လှေကားထစ်များမှ တဖြည်းဖြည်းတက်ရောက်လာရာ လှေကားထိပ် အိမ်အဝတွင် ဗိုလ်ချုပ်နေထိုင်သည့် အိမ်အကြောင်း ရှင်းလင်းချက် စာသားဆိုင်းဘုတ်ကို တွေ့မြင်ရပါသည်။ ဗိုလ်ချုပ်ပြတိုက်သည် နှစ်ထပ်အဆောက်အအုံဖြစ်သည်နှင့်အညီ အပေါ်ထပ်ပန္နက်ပုံ၊ အောက်ထပ် ပန္နက်ပုံများကို ချိတ်ဆွဲပြသထားသည်ကို တွေ့ရှိရပါသည်။


ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်မှုအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာကြသည့် ဧည့်သည်တော်များ တစ်ဦးနှင့်တစ်ဦး ခြောက်ပေ အကွာတွင် Social Distancing သတ်မှတ်ထားသည့် ခြေလှမ်းပုံစတစ်ကာများအတိုင်း ဝင်ရောက်လေ့လာနိုင်ရန် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ စီမံလုပ်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။

အုတ်လှေကားထိပ်တွင် လက်မှတ်ရောင်းကောင်တာထားရှိပြီး နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ ပြည်တွင်းအခမဲ့ဟု သိရှိရပါသည်။ ပြတိုက်ဖွင့်ရက်မှာ အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ လေးနာရီအထိ ဖွင့်လှစ်ပြသပြီး တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပြတိုက်ပိတ်ပါသည်။

စကြံ၏ညာဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်သွားခဲ့သော အိမ်ရှင်းလင်းချက်ဆိုင်းဘုတ်ကို တွေ့ရသောအခါ "ဪ ဗိုလ်ချုပ်ဒီအိမ်မှာ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ မကျဆုံးခင်အထိ နေထိုင်သွားတဲ့ အိမ်လေး"ဟု သားနှင့်သမီးကို ရှင်းပြခဲ့ပါသည်။ သမီးက "မေမေ ဒီအိမ်မှာ ဗိုလ်ချုပ်က အကြာကြီးမနေလိုက်ရဘူးနော်"တဲ့၊ "ဟုတ်တယ်သမီး ဒီအိမ်မှာ ဗိုလ်ချုပ် နှစ်နှစ်ကျော်လောက်ပဲ နေလိုက်ရတာ" ဟု စိတ်မကောင်းစွာပြောမိပါသည်။

*စာမျက်နှာ ၁၇ သို့*






**❈ အထိမ်းအမှတ်ပြတိုက်ဟူသည် သမိုင်းကြောင်းတွင် ထူးခြားထင်ရှားသည့် လူပုဂ္ဂိုလ်၊ သမိုင်းဝင်ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်၊ နေရာ၊ အဆောက်အအုံကို အများပြည်သူတို့ အမြဲအမှတ်ရနိုင်စေရန်၊ ပြည်သူလူထုအား အသိပညာပေးနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်းပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည်ကား မြန်မာနိုင်ငံ၏လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့အထိ နေထိုင်ခဲ့သည့်နေအိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသဖွင့်လှစ်ထားခြင်းပင်ဖြစ်**

*စာမျက်နှာ ၁၆ မှ*

အချို့စာအုပ်များတွင် ဗိုလ်ချုပ်အောင်ဆန်း မိသားစုများသည် ဤအိမ်ကြီး၌ ၁၉၄၅ ခုနှစ် မေ ၁၇ ရက်မှ စတင်နေထိုင်ခဲ့ကြသည်ဟု သိရှိရပါသည်။ မြန်မာ့ရက်စဉ် သမိုင်းစာအုပ်ထဲတွင် ဖော်ပြထားသည်မှာ ၁၉၄၅ ခုနှစ် မတ် ၁ ရက်မှ ၃ ရက်အထိ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့အဖွဲ့ချုပ်ခေါင်းဆောင်အစည်းအဝေးကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးများ၊ နိုင်ငံရေး အထူးအစည်းအဝေးပွဲများ၊ သတင်းစာဆရာများနှင့် ဖိတ်ခေါ်ဆွေးနွေးမှု အစည်းအဝေးများ၊ ယင်းအချိန်က မြန်မာနိုင်ငံ ဘုရင်ခံဆာဟူးဘတ်ရန့်စ် လာရောက်တွေ့ဆုံဆွေးနွေးမှုများကို ဤအိမ်ကြီး၌ပင် ၁၉၄၅ ခုနှစ် မတ်လမှစတင်၍ ပြုလုပ်ခဲ့ကြသည်ကို သိရှိရပါသည်။

ပြတိုက်ထဲသို့ ဝင်ရောက်လေ့လာသောအခါ ထမင်းစားခန်းသို့ ရောက်ရှိပါသည်။ ထမင်းစားခန်း၏ အရှေ့ဘက်နံရံဘေးတွင် ကျွန်းဗီရိုတစ်လုံးပြသထားပြီး ၎င်းအပေါ်တွင် ကြည့်မှန်တစ်ချပ်တွေ့ရှိရပါသည်။ ထမင်းစားခန်းအလယ်တွင် ဘုံဘေဘားမား ကုမ္ပဏီတံဆိပ်ပါ ကျွန်းထမင်းစားပွဲခုံအရှည် တစ်လုံးနှင့် ကုလားထိုင် ၁၀ လုံးအား ခင်းကျင်းပြသထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သားအကြီး အောင်ဆန်းဦး၊ သားလတ် အောင်ဆန်းလင်းတို့ သုံးဦး၏ ထိုင်ခုံသုံးလုံးသည် စားပွဲထိပ်ပိုင်းတွင်ရှိပြီး စားပွဲ၏ အခြားထိပ်တစ်ဖက်တွင် ဒေါ်ခင်ကြည်နှင့် သမီးဖြစ်သူတို့၏ ထိုင်ခုံများ ခင်းကျင်းထားပါသည်။ ထိုကျွန်းစားပွဲပေါ်တွင် ပဲပြုတ်၊နံပြားပုံစံတူနှင့် "ကြည် ပဲပြုတ်နဲ့နံပြားရရင် စားချင်တယ်"ဟု ရေးထားသည့် ဗိုလ်ချုပ်လက်ရေးမူကို သရုပ်ဖော်ခင်းကျင်း ပြသထားပါသည်။

**ထုတ်ဝေခဲ့သည့် သတင်းစာများ စနစ်တကျထားရှိ**

စာရေးသူ ဗိုလ်ချုပ်ပြတိုက်တွင် ပြတိုက်မှူးတာဝန်ကျစဉ်က ပြသပစ္စည်းများ တစ်ခုချင်း စနစ်တကျမှတ်တမ်းပြုစု၍ တိုက်ပိုင်စာရင်းသွင်းခြင်း၊ သုတေသနပြုစုခြင်းများ ပြုလုပ်ခဲ့ရာ ၎င်းပန်းကန်ဗီရိုအတွင်းတွင် ငွေခက်ရင်း၊ ငွေဇွန်းများနှင့် ပန်းကန်ခွက်ယောက်များထားရှိပြီး အချို့ပန်းကန်များမှာ Made in England (Griadley) တံဆိပ်နှင့် (Rozar) တံဆိပ်များကို တွေ့ရှိရပါသည်။ ထို့အပြင် ဗိုလ်ချုပ်ကတော်က ပန်းကန်ပြားတစ်ချပ်နှင့် တစ်ချပ်ကြားတွင် ၁၉၅၆-၁၉၅၇ ခုနှစ်က ထုတ်ဝေခဲ့သည့် သတင်းစာများဖြင့် စနစ်တကျထားရှိသည်ကိုတွေ့ရှိရပါသည်။ သတင်းစာများတွင် ထိုခေတ်၏သတင်းများ၊ ကာတွန်းများကို ဖတ်ရှုရခြင်းကြောင့် ၁၉၅၆-၁၉၅၇ ခုနှစ်ကာလက သတင်းအခြေအနေများကိုလည်း တစ်လက်စတည်း သိရှိခွင့် ရခဲ့ပါသည်။

ဆက်လက်လေ့လာခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ငယ်ဘဝ၊ ကျောင်းသားဘဝ၊ မိသားစုဘဝ၊ နိုင်ငံရေးဘဝတို့ကို မှတ်တမ်းဓာတ်ပုံနှင့်တကွ ရှင်းလင်းဖော်ပြထားပါသည်။ အောက်ထပ်ဧည့်ခန်းတွင် ဗိုလ်ချုပ်တို့ အသုံးပြုခဲ့သည့် ဆိုဖာဆက်တီများကို ခင်းကျင်းပြသထားပါသည်။ ဆက်တီမှာ မူလဆက်တီဖြစ်ပြီး ကူရှင်များကိုတော့ ပြန်လည်ပြုပြင်ထားသည်ဟု သိရပါသည်။



အင်္ဂလန်နိုင်ငံထုတ် Phillip Radio ကိုလည်း အသုံးပြုခဲ့သည့် မီးပလပ်ကြိုးနှင့်တွဲ၍ ပြသထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်း လောင်းကုတ်ဝတ်ဆင်ထားသည့် မတ်တတ်ရပ်နေပုံနှင့် ၎င်းပုံကိုနောက်ခံထား၍ ဗိုလ်ချုပ်ကတော်၊ သားဦးနှင့် ဒုတိယသားတို့ သုံးဦး၏ ပုံများအား ခင်းကျင်းပြသထားပါသည်။ ဆီလီကွန်ဖြင့် ပြုလုပ်ထားသော ဗိုလ်ချုပ်အောင်ဆန်း စာဖတ်နေဟန် ရုပ်တုမှာလည်း အသက်ဝင်လှပေသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ လွတ်လပ်ရေးအတွက် အရေးဆိုရန် အင်္ဂလန်နိုင်ငံသို့အသွား အိန္ဒိယနိုင်ငံတွင် အိန္ဒိယဝန်ကြီးချုပ် မစ္စတာနေရူး ပေးအပ်ခဲ့သည့် သက္ကလပ်လောင်းကုတ်ကြီးကိုလည်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းမှုများ(Conservation) ပြုလုပ်ပြီး မှန်ဗီရိုအတွင်း၌ ပြသထားပါသည်။

အပေါ်ထပ်သို့တက်ရာ လှေကားခြေရင်းတွင် ဂျူးလူမျိုးတို့၏ အထိမ်းအမှတ်တံဆိပ်ကို တွေ့ရှိရပြီး လှေကားထိပ်များတွင်လည်း ဘုရားကျောင်းပုံစံများ ထည့်သွင်းပြုလုပ်ထားသည့် ဗိသုကာလက်ရာကိုလည်း လေ့လာတွေ့ရှိရပါသည်။ လှေကားအတက်ထိပ်ပိုင်းတွင် မီးအိမ်ချိတ်ဆွဲရန်အတွက် ထိုခေတ်၏ Original သံချိတ်ကိုလည်း တွေ့ရှိရပါသည်။

အပေါ်ထပ် လှေကားထိပ်၏ ဘယ်ဘက်ခြမ်းရှိဗိုလ်ချုပ်တို့ဇနီးမောင်နှံ အိပ်ခန်းသို့ ဝင်ရောက်လေ့လာသော် နှစ်ယောက်အိပ် ကျွန်းခုတင်၊ အဝတ်အစားထည့်သည့် ကျွန်းဗီရိုကြီးများနှင့် မှန်တင်ခုံတို့ကို တွေ့ရှိရပါသည်။ ကျွန်းဗီရိုတစ်ခုအတွင်း၌ နိုင်ငံ့အရေးကိစ္စအတွက် ဗိုလ်ချုပ် အရေးပေါ်ခရီးထွက်လျှင် အဆင်သင့်ယူဆောင်သွားနိုင်မည့် သားရေသေတ္တာတစ်လုံးကို တွေ့ရှိရပါသည်။ ထိုသားရေသေတ္တာအတွင်း၌ စစ်ဝတ်စုံများ၊ ပိုးအင်္ကျီ၊ ပိုးပုဆိုး၊ စောင်၊ အင်္ကျီ၊ ပုဆိုး၊ စွပ်ကျယ်လက်တို၊ လက်စက၊ အတွင်းခံဘောင်းဘီတို၊ လက်ကိုင်ပုဝါတို့ကို ထည့်ထားသည်ကို တွေ့ရှိရပါသည်။ ထိုအင်္ကျီ ဘောင်းဘီများတွင် A.S ဟု အတိုကောက်စာလုံးများ ရေးထိုးထားသည်ကို တွေ့ရှိရခြင်းဖြင့် ဗိုလ်ချုပ်ကတော်၏ အိမ်ထောင်ရှင်မ ပီသမှုကို မှန်းဆမိပါသည်။

နောက်ထပ် မှန်ဗီရိုတစ်ခုထဲ၌လည်း ဗိုလ်ချုပ်၏ ညဝတ်အင်္ကျီနှင့် ဘောင်းဘီများ၊ စစ်ဝတ်စုံများ၊ အင်္ကျီ၊ ပုဆိုး၊ စွပ်ကျယ်လက်တို၊ လက်စက၊ အတွင်းခံဘောင်းဘီတိုများနှင့် အသုံးအဆောင်ပစ္စည်းများ ပြသထားသည်ကို တွေ့ရှိရပါသည်။

အိပ်ခန်းအတွင်းတွင် ဘုရားဆောင်ကို တက်သည့်လှေကားရှိသည်ကို တွေ့ရပါသည်။ ထိုလှေကားမှတစ်ဆင့် အိမ်၏ထိပ်ပိုင်းမျှော်စင်နေရာရှိ ဘုရားဆောင်တွင် ပြတင်းပေါက်နှစ်ခုပါရှိပြီး တစ်ခုမှကြည့်သော် ရွှေတိဂုံဘုရားမြင်ကွင်း၊ နောက်တစ်ခုမှကြည့်သော် ရွှေကြက်ယက်ဘုရားမြင်ကွင်းကို စိတ်ချမ်းမြေ့ဖွယ် တွေ့ရှိရပါသည်။ ထိုဘုရားခန်းတွင် ဗိုလ်ချုပ်အောင်ဆန်း နတ်မောက်မြို့မှာ နေထိုင်ခဲ့စဉ်က ကိုးကွယ်ခဲ့သော ဗုဒ္ဓဆင်းတုတော်ကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ ယခုအခါတွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ သက်တမ်းမှာလည်း နှစ် ၁၀၀ ကျော်ပြီဖြစ်သောကြောင့် ဘုရားခန်း၏ ရေရှည်ကြံ့ခိုင်မှုကို ထိန်းသိမ်းသည့်အနေဖြင့် ဧည့်သည်များအား တက်ရောက်လေ့လာခွင့်မပြုတော့ပါ။

ဆက်လက်၍ ဗိုလ်ချုပ်စာဖတ်ခန်းတွင် ဗိုလ်ချုပ်အောင်ဆန်းဖတ်ရှုလေ့လာခဲ့သည့် မြန်မာ-အင်္ဂလိပ် စာအုပ်ပေါင်း ၂၄၀ ကျော် ပြသထားရာ အများစုမှာ နိုင်ငံရေးနှင့်ပတ်သက်သည့် အင်္ဂလိပ်စာအုပ်များဖြစ်ပြီး မြန်မာစာအုပ် နှစ်အုပ်သာပါသည်ကို တွေ့ရှိရပါသည်။ စာအုပ်များကို ထုတ်ဝေသည့်နှစ်အလိုက် လေ့လာကြည့်ရာ ၁၈၇၉ ခုနှစ်မှ ထုတ်ဝေခဲ့သော စာအုပ်ပါဝင်သည်ကို တွေ့ရှိရပါသည်။

ထို့အပြင် သမိုင်းကြောင်းဆိုင်ရာ စာအုပ်များနှင့် အခြားဘာသာရပ်အလိုက် စာအုပ်များကိုလည်း တွေ့ရှိရပါသည်။ ဗိုလ်ချုပ်၏စာဖတ်ခန်းကို လေ့လာကြည့်ရင်း အတွေးထဲဝယ် "ဗိုလ်ချုပ်ကျဆုံးခဲ့ချိန်မှာ အသက်က ၃၂ နှစ်၊ ဒီအရွယ်မှာ ဗိုလ်ချုပ်ဖတ်ခဲ့တဲ့ စာအုပ်တွေက ဒီလောက်များနေတယ်၊ အဲဒီထဲမှာမှ အင်္ဂလိပ်စာအုပ်က အများစုဆိုတော့ ဗိုလ်ချုပ်ရဲ့စာဖတ်အားကို အားကျအတုယူဖွယ်ပါလားလို့ ယနေ့ခေတ်လူငယ်များကို သိရှိစေချင်လိုက်တာ" ဟူ၍ တွေးတောမိပါသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့်အတိုင်း အနာဂတ်လူငယ်များ တကယ်လိုက်နာကျင့်ကြံရမည့် အချက်များကို ဗိုလ်ချုပ်၏စာဖတ်ခန်းမှ မီးမောင်းထိုးပြနေပါသည်။ ထိုစာအုပ်ပေါင်းများစွာ ဖတ်နိုင်ခဲ့လို့လည်း ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်အစိုးရနှင့် ဉာဏ်ရည်ချင်း ယှဉ်နိုင်၊ စကားပြောနိုင်ပြီးတော့ လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝစွာဖြင့် မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါလားလို့ တွေးမိပါသည်။

ဆက်လက်လေ့လာရသော် ဗိုလ်ချုပ်၏ သားသမီးများအိပ်ခန်းသို့ ရောက်ရှိပါသည်။ ထိုအခန်းတွင် ဗိုလ်ချုပ်သားသမီးသုံးယောက်၏ ခုတင်သုံးလုံးကို ခင်းကျင်း ပြသထားပါသည်။ စာရေးသူ ဗိုလ်ချုပ်ပြတိုက်၌ ပြတိုက်မှူးတာဝန်ကျစဉ်က စိန့်ပေါလ်ကျောင်းမှာ ဒုတိယတန်းတက်နေသည့် အသက် ရှစ်နှစ်အရွယ်



ဗိုလ်ချုပ်၏ ဒုတိယသား အောင်ဆန်းလင်း၏ စာအုပ်များကို တစ်အုပ်ချင်း လေ့လာမှတ်သားရင်းမှ ၎င်းရေနစ်သေဆုံးခဲ့သော ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက် ရက်စွဲဖြင့် ထိုနေ့တွင် စာသင်ကြားခဲ့သည့် မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ် နှစ်အုပ်ကို အမှတ်မထင် တွေ့ရှိလိုက်ရပါသည်။

ထိုစာအုပ်ထဲမှ သူစာသင်ခဲ့သည့်နေ့စွဲနှင့် သူရေနစ်သေဆုံးခဲ့သည့်နေ့ တစ်ရက်တည်းဖြစ်နေသည်ကို တွေ့လိုက်ပြီး စဉ်းစားမိသည်မှာ မနက်ပိုင်းမှာ ကျောင်းတက်စာသင်ခဲ့ပြီး ညနေပိုင်းမှာ ရေနစ်သေဆုံးခဲ့သည်။ သင်ခဲ့သော စာက ရေနစ်သူကို ဘယ်လိုကယ်ရမလဲဆိုသည့် သင်ခန်းစာဖြစ်နေရာ တိုက်ဆိုင်လွန်းလှသော ကံတရားကို တွေးမိပြီး အံ့ဩဝမ်းနည်းတုန်လှုပ်မိပါသည်။ အင်္ဂလိပ်စာအုပ်တွင် သင်ကြားခဲ့သည့် အကြောင်းအရာအချက်အလက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန်အတွက် အောင်ဆန်းလင်း၏ နောက်ဆုံးလက်ရေးမူနှင့် သူသင်ကြားခဲ့သည့် ထိုခေတ် ဒုတိယတန်းဖတ်စာအုပ်နှင့် ဗလာစာအုပ် ၁၇ အုပ်ကိုလည်း ခင်းကျင်းပြသထားပါသည်။ ယင်းလက်ရေးမူမှာပါသည့် အကြောင်းအရာနှင့် ဘာသာပြန်ဆိုချက်မှာအောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

**English**

**"16/1/53**

**I must always remember when saving a drowning person I must always go at the back and we force because he tried to get hold of every- thing and both, two get drown."**

ဘာသာပြန်ဆိုချက်-

**"ရေနစ်တဲ့ လူတစ်ယောက်ကို ကယ်ဆယ်မယ်ဆိုရင် ကျွန်တော်အမြဲမှတ်ထားရမှာက နောက်ကျောဘက်ကနေ ကယ်ရမယ်၊ အားသုံးရမယ်။ ဘာလို့လဲဆိုရင် သူက ဆွဲမိဆွဲရာ လှမ်းဆွဲမှာဖြစ်တဲ့အတွက် နှစ်ယောက်လုံး ရေနစ်သေဆုံးသွားနိုင်လို့ပါပဲ။"**

လက်ရေးမူပြသည့်ပြကွက်ဘေးရှိ မှန်ဗီရိုထဲတွင် ဗိုလ်ချုပ်၏ သားသမီးများ ဆော့ကစားခဲ့သည့် ကတ်လေးများကို ပြသထားပါသည်။ ၎င်းကတ်လေးများမှာ ယင်းခေတ်၏ Made in England စီးကရက်ဘူးခွံများနှင့် ပြည်တွင်းစီးကရက်ဘူးခွံများကို ကတ်ကြေးဖြင့်ညှပ်၍ ကလေးများဆော့ကစားနိုင်စေရန် ဖန်တီးပေးထားသည့် ကတ်လေးများပင် ဖြစ်ပါသည်။ ယင်းကတ်လေးများမှာ ASL၊ L၊ Suu စသည်ဖြင့် ကလေးများ၏ နာမည်အတိုကောက်ဖြင့် မှတ်သား၍ ခွဲခြားပေးထားသည်ကို တွေ့ရှိရပါသည်။

ထိုမှတစ်ဆင့် အထူးအစည်းအဝေးခန်းသို့ရောက်ရှိလာရာ ဗိုလ်ချုပ် စာဖတ်သည့် ခြေထောက်တင်၍ ရသည့် ပက်လက်ကုလားထိုင်၊ စားပွဲ၊ ဆက်တီနှင့် မိန့်ခွန်းများ ဓာတ်ပုံများကို ပြသထားပါသည်။ ထိုအခန်းတွင် နိုင်ငံ့လွတ်လပ်ရေးအတွက် အရေးကြီးသည့် အစည်းအဝေးများ ပြုလုပ်ခဲ့မည်ကို မှန်းဆမိပါသည်။

အပေါ်ထပ်ကို လေ့လာပြီးသော် မြေယာအလှရှုခင်းများနှင့် စိမ်းစိုသာယာလှပနေသည့် ခြံဝင်းအတွင်းသို့ ပတ်လမ်းတစ်လျှောက်မှ စိတ်ကြည်လင်အေးချမ်းစွာ ကြည့်ရှုလေ့လာခဲ့ရပါသည်။ ပတ်လမ်းဆုံးခါနီးတွင် ဗိုလ်ချုပ်၏ ဒုတိယသား အောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့သည့် ရေကန်ကို တွေ့ရှိရပါသည်။ သေဆုံးခဲ့သည့်နေ့ရက်ကို အုတ်ပေါင်ဖြင့် သေချာခိုင်ခံ့စွာ ပြုလုပ်ထားသည်။ ရေကန်ဘေးတွင် ဗိုလ်ချုပ်အားလပ်ချိန်၌ သီးပင်၊ စားပင် စိုက်ပျိုးနေဟန် ရုပ်တုမှာလည်း လက်ရာမြောက်လှပေသည်။ စိုက်ခင်းမှာလည်း ရာသီသီးပင် စားပင်များ ဝေဝေဆာဆာ သီးပွင့်နေသည်ကို တွေ့ရှိရသဖြင့် စိတ်ချမ်းသာကြည်နူးမိပါသည်။

**သွားရောက်လေ့လာရန် ဖိတ်ခေါ်**

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ကိုလေ့လာရင်း ဗိုလ်ချုပ်မိသားစုတို့ နေထိုင်ခဲ့စဉ်က ပုံရိပ်များကို မျက်လုံးထဲမှန်းဆမြင်ယောင်မိသလို ထူးခြားလှသည့်အိမ်ပုံစံ၊ မြင့်မားလှသည့် မျက်နှာကြက်၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းစေရန် ဖန်တီးတည်ဆောက်ထားသော ဒီဇိုင်း၊ ဗိသုကာလက်ရာများကို သဘောကျနှစ်ခြိုက်မိပါသည်။ ပြည့်စုံသော မှတ်တမ်းမှတ်ရာ အချက်အလက်များ၊ ဗဟုသုတများစွာကို သိရှိခဲ့ရသလို လွမ်းမောဖွယ်ရာအတိတ်များစွာ၊ သမိုင်းများစွာ၊ ဝမ်းနည်းဖွယ်ရာများစွာတို့ကို မြင်ယောင်မိကာ မြန်မာတစ်မျိုးသားလုံးအတွက် မနားမနေ အားထုတ်ကြိုးပမ်းခဲ့ပြီး လွပ်လပ်ရေးအရယူပေးခဲ့သည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးတရားများကို သတိရလွမ်းဆွတ်မှုများစွာဖြင့် အခါခါဦးညွှတ်အလေးပြုရင်း ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးနေခဲ့သည့်နေအိမ်ပြတိုက်အား သွားရောက်လေ့လာကြရန် ဖိတ်ခေါ်အပ်ပါသည်။ ။

**ကိုးကား-**


**၁။ မြန်မာ့ရက်စဉ်သမိုင်း(ပထမတွဲ)**

**၂။ မြန်မာ့ရက်စဉ်သမိုင်း(ဒုတိယတွဲ)**

**၃။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်၊ ပြတိုက်မှူးဘဝလေ့လာချက်များ**

**၄။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် မှတ်တမ်းမှတ်ရာများ**

**၅။ လွပ်လပ်ရေးဗိသုကာကြီးဗိုလ်ချုပ်အောင်ဆန်း**

# ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Nitrogendioxide ($NO_2$)၊ Sulphurdioxide ($SO_2$) နှင့် Ozone ($O_3$) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာ ဆန်းစစ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဇွန်လအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ ဘားအံမြို့၊ မကွေးမြို့၊ မော်လမြိုင်မြို့နှင့် စစ်တွေမြို့တို့တွင် တိုင်းတာရရှိသည့် ဝန်းကျင်လေထု အရည်အသွေးရလဒ်များကို Air Quality Index (AQI) ဖြင့် တွက်ချက်ထားမှုအရ ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးအနီးဝန်းကျင်တွင် $PM_{2.5}$ သည် ကျန်းမာရေးကို ထိခိုက်နိုင်သောအဆင့်(Unhealthy)၊ ကရင်ပြည်နယ် ဘားအံမြို့ ဖွဲကပင်တောင်ခြေအနီး ဝန်းကျင်တွင် $PM_{2.5}$ နှင့် မကွေးခရိုင်ရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အနီးဝန်းကျင်တွင် $O_3$ သည် ခံနိုင်ရည်နည်းပါသောသူများအတွက် ကျန်းမာရေးကို ထိခိုက်နိုင်သောအဆင့် (Unhealthy for Sensitive Groups) ရှိပြီး ကျန်နေရာများတွင် ပုံမှန်ကောင်းမွန်သောအဆင့်တွင်ရှိကြောင်း အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရပါသည်–

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာခဲ့သည့်နေရာများ | တိုင်းတာသည့် နေ့ရက် | တိုင်းတာသည့် Parameter များ | | | | |
|---|---|---|---|---|---|---|---|---|
| | | | | $PM_{2.5}$ (µg/m³) | $PM_{10}$ (µg/m³) | $SO_2$ (µg/m³) | $NO_2$ (µg/m³) | $O_3$ (µg/m³) |
| ၁ | | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ | 15.6.2022 | 59 | 25 | 0 | 0 | 1 |
| | ၂ | ဒက္ခိဏခရိုင်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | 13.6.2022 | 73 | 19 | 0 | 0 | 3 |
| ၂ | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ (၅၅)လမ်း ဗိုလ်တထောင်မြို့နယ် | 21.6.2022 | 6 | 1 | 4 | 11 | 19 |
| | ၂ | သာကေတဝန်ထမ်းအိမ်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | 22.6.2022 | 21 | 6 | 4 | 5 | 8 |
| ၃ | | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန | 20.6.2022 | 13 | 7 | 0 | 0 | 0 |
| ၄ | | ကချင်ပြည်နယ် | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | 19.6.2022 | 157 | 79 | 14 | 8 | 11 |
| ၅ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဘားအံမြို့ | 7.6.2022 | 52 | 6 | 39 | 73 | 41 |
| | ၂ | ဖွဲကပင်တောင်ခြေ၊ ဘားအံမြို့ | 9.6.2022 | 144 | 26 | 0 | 64 | 45 |
| ၆ | | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၁ | မကွေးခရိုင်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | 8.6.2022 | 27 | 10 | _ | 3 | 105 |
| ၇ | | မွန်ပြည်နယ် | | | | | | |
| | ၁ | ဈေးချိုပိုင်းအနီး မော်လမြိုင်မြို့ | 20.6.2022 | 34 | 18 | 4 | 36 | 6 |
| ၈ | | ရခိုင်ပြည်နယ် | | | | | | |
| | ၁ | ညွှန်ကြားရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | 7.6.2022 | 32 | 14 | 0 | 5 | 45 |
| | ၂ | ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံး၊ စစ်တွေမြို့ | 19.6.2022 | 9 | 4 | 0 | 2 | 23 |

Air Quality Index (AQI)

| | |
|---|---|
| 0–50 | Good |
| 51–100 | Moderate |
| 101–150 | Unhealthy for Sensitive Groups |
| 151–200 | Unhealthy |
| 201–300 | Very Unhealthy |
| 301–500 | Hazardous |

၂၀၂၂ ခုနှစ် ဇွန်လတွင် မိုးရွာသွန်းမှုကြောင့် လေထုအတွင်း အမှုန်အမွှား $PM_{2.5}$ နှင့် $PM_{10}$ ပါဝင်မှုပမာဏ လျော့ကျပြီး ဝန်းကျင်လေထုအရည်အသွေးအခြေအနေသည် ကောင်းမွန်သည့် အနေအထားတွင် ရှိနေခြင်း ဖြစ်နိုင်ပြီး မိုးရွာသွန်းမှုနည်းပါးပြီး ဖုန်မှုန့်ထွက်ရှိမှု များပြားသော မေလမတိုင်မီ နွေရာသီကာလတွင် လေထုအတွင်း $PM_{2.5}$ နှင့် $PM_{10}$ ပါဝင်မှုပမာဏများပြားပြီး ဝန်းကျင်လေထုအရည်အသွေးအခြေအနေသည် သတ်မှတ်စံချိန်စံညွှန်းများထက် ကျော်လွန်နိုင်ကြောင်း သုံးသပ်ရရှိပါသည်။ လေထုအပူချိန်၊ လေတိုက်နှုန်းနှင့် လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်တွင် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ရွှေကူမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် ယိုထိုးနည်းသင်တန်းဖွင့်လှစ်

**ရွှေကူ ဇူလိုင် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရွှေကူမြို့နယ် ပိန္နဲကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယိုထိုးနည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ယင်းသင်တန်းတွင် သင်တန်းနည်းပြဆရာများအဖြစ် ရွှေကူမြို့နယ်မှ ဒေါ်ညိုညိုနှင့် အကူဆရာမအဖြစ် ဒေါ်အေးခိုင်တို့က ခရမ်းချဉ်သီးယို၊ သရက်ယို၊ ငှက်ပျောကြော်၊ အာလူးကြော်၊ ပိန္နဲယို၊ နာနတ်ယို ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလ ခုနစ်ရက် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကူ(ပြန်/ဆက်)**



## မူဆယ်မြို့၌ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး စွမ်းရည်မြှင့်သင်တန်းဖွင့်

**မူဆယ် ဇူလိုင် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် မူဆယ်ခရိုင်အတွင်းရှိ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေး စွမ်းရည်မြှင့်သင်တန်း (၁/၂၀၂၂)ကို ယနေ့ နံနက်က မူဆယ်မြို့ လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။ **(အပေါ်ယာပုံ)**



သင်တန်းဖွင့်ပွဲတွင် မူဆယ်ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဘာသာရပ်၊ ရုံးလုပ်ငန်းဘာသာရပ်၊ ငွေစာရင်းဘာသာရပ်၊ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေး ဘာသာရပ်နှင့် သတင်းရေးသား ပေးပို့ရာတွင် အသုံးပြုရန် အွန်လိုင်းနည်းပညာ ဘာသာရပ်များကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသို့ မူဆယ်ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၁၆ ဦးတို့ တက်ရောက် သင်ယူလျက်ရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၇-၂၀၂၂ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ ဗေဒ္ဒသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၀၉:၁၀ ထူးခြားစုံလင်အာရုပဗိဗိတ်အစီအစဉ်
၀၉:၃၀ အနာဂတ်ရင်သွေးငယ်များစတင်ပျိုးထောင်ရာ မူလတန်းကြိုကျောင်းများဆီသို့
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၀၃)
၁၃:၃၀ MRTV National News
၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၄၀ အသွင်ဆန်းပြားဟိုကျင်းရွာမှ အာခါလူမျိုးများ (CBT)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအက်ဒေး' (အပိုင်း-၂၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၂၅)

### mitv

07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
07:07 Elegant and Exquisite Myanmar Cotton Fabrics
07:19 Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
07:39 Bago: A City Of Famous Historic Pagoda
08:01 Insight Myanmar: Inclusive Education
08:29 Modifying Natural Thanakha Bark into Ready-make Skin Care Product
08:35 History Of Wishfulfilling Mai-Lamu Pagoda
08:54 Kid's Home
09:01 News
09:26 Global Partnership for Brighter Future: Saint Lucia Pavilion at Expo 2020 Dubai
09:34 Myanmar Orchestra (Thachinkhant)
09:38 Myanmar's Traditional Ceramics

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ ကန်ပေါင်ဟင်းလျာ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သင်မယ်၊ ရေးမယ်တို့ချင်းစာ (အပိုင်း-၅၅)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပုံအင်းဒေသ လေ့လှော်ပြိုင်ပွဲ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
သံထည်ဖြင့်ပြုလုပ်ထားသောလူ့အသုံးအဆောင်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခရုချက်စားကြမယ်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့အစွမ်း

**ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့် လက်ဖက်ခြောက်ပြုလုပ်နည်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၄၆ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပေပေ့ရွေးချယ်မှု'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲရွေးချယ် တင်မြှောက်ပုံစနစ် (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၁၅ စာသင်ခန်းမှသည်လယ်တောဆီ
၀၇:၅၀ တောင်သူ့ဘဝသုတကဏ္ဍ
၀၈:၂၀ ရာဘာနှင့်ဆီအုန်းစပ်မျိုးသစ်များထုတ်လုပ်ခြင်း
၀၈:၄၀ အလှတရားဝေပြာမြန်မာ့အဏ္ဏဝါ
၀၉:၁၅ အညာမြေကိုအလှဆင်သူတို့ရှင်သန်ရာ မကွေးစိုက်သုခြံ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက်(၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၄)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရိုင်ပြည်သူ့ဆေးရုံကြီးအား Drone ယာဉ်ဖြင့် လက်လုပ်ဗုံး ချိတ်ဆွဲပစ်ချ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လှိုင်သာယာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်အား မိုင်းထောင်ဖောက်ခွဲသည့်ဖြစ်စဉ်"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း၊ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့ နည်းပညာကောလိပ်တွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မိုးညှင်း ဇူလိုင် ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်အတွင်းရှိ နည်းပညာကောလိပ် (မိုးညှင်း)တွင် ဇူလိုင် ၃ ရက်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်က အမှာစကားပြောကြားကာ မိုးညှင်းမြို့ နည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာကျော်ကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ တတိယနှစ် ကျောင်းသားတစ်ဦးက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားကာ ပထမနှစ် တက်ရောက်မည့် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး တတိယနှစ် ကျောင်းသားကျောင်းသူလေးများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံခဲ့သည်။

ထို့နောက် Shows ပြိုင်ပွဲများဖြစ်သော King ပြိုင်ပွဲ၊ Queen ပြိုင်ပွဲများ ပြုလုပ်ခဲ့ပြီး ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၇-၂၀၂၂

### ရွှေ

၄-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၇၀၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၅၅ ကျပ် | ၂၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၅၅ ကျပ် | ၂၁၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၅ ကျပ် | ၂၂၁၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၄ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ . ၈၂၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၇ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၄၆ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၁၀၈ | ၇၉၉၂၀၀ |
| MTSH | ၂၆၅၀ | ၂၆၀၀ | ၁၈၁၀ | ၄၇၉၃၉၅၀ |
| MCB | ၇၃၀၀ | ၇၂၀၀ | ၂၀၄ | ၁၄၆၉၁၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၄၃ | ၈၅၇၅၀၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၃ | ၇၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

ဆက်လက်ပြီး **ရှမ်းနီလူမျိုး၊ KIA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခဆိုင်ရာကိစ္စရပ်များကို** ထပ်မံတင်ပြလိုကြောင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်အတွင်း၌ ရှမ်းနီတိုင်းရင်းသားများ အခြေချ နေထိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးရှိပြီး ထိုအထဲတွင် ရှမ်းမျိုးနွယ်စုအတွင်း ပါဝင်သော ရှမ်းနီလူမျိုးများလည်း ပါဝင်ကြောင်း၊ ယင်းရှမ်းမျိုးနွယ်စုများသည် တိုင်းနေ(အထက်ရှမ်း)၊ တိုင်းမောဝ်(မောဝ်ရှမ်း)၊ တိုင်းလုံ(ရှမ်းကြီး)စသည်ဖြင့် ရှိကြကြောင်း၊ ယင်းမျိုးနွယ်စုများမှာ အထက်မြန်မာပြည် အင်းတော်ကြီးဒေသ၊ မိုးညှင်းဒေသ၊ မိုးကောင်းဒေသ၊ မြစ်ကြီးနားဒေသ၊ ပူတာအိုဒေသ၊ ဗန်းမော်ဒေသ၊ ကာမိုင်းဒေသ၊ ဝိုင်းမော်ဒေသ၊ ဖားကန့်ဒေသ၊ ဗန်းမောက်ဒေသများ၌ ပျံ့နှံ့နေထိုင်ကြသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်၊ ကသာခရိုင်နှင့် ကလေးခရိုင်အတွင်း၌လည်း နေထိုင်ကြကြောင်း ၊ အထင်ကရ ရှမ်းနီစော်ဘွားတစ်ဦးမှာ ဝန်းသိုစော်ဘွားကြီး စဝ်အောင်မြတ် ဖြစ်ကြောင်း။

ပင်လုံစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးစဉ်ကတည်းက ထိုစဉ်က ကချင်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒူဝါဇော်လွန်းသည် ဗိုလ်ချုပ်အောင်ဆန်းထံတွင် ကချင်ပြည်နယ်ဖွဲ့စည်းရန်နှင့် ယင်းနယ်များပါ ကချင်ပြည်နယ်ထဲထည့်ရန် တောင်းဆိုခဲ့ကြောင်း၊ ပင်လုံစာချုပ်ဖြစ်ပေါ်လာပြီးနောက်ပိုင်း ထိုနယ်မြေများသည် ကချင်ပြည်နယ်ထဲသို့ပါသွားသည့် နယ်မြေများဖြစ်ကြောင်း၊ ရှမ်းနီလူမျိုးများ နေထိုင်သည့် ဗန်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဝိုင်းမော်၊ ဖားကန့်နှင့် တနိုင်းဒေသ စသည့်မြို့နယ်များ ပါဝင်သွားခဲ့ကြောင်း၊ နယ်မြေများကို ပြန်လည်ရရှိရေးအတွက် တောင်းဆိုမှုများလည်း ရှိကြကြောင်း၊ ကချင်ပြည်နယ်ထဲတွင် ဂျိမ်းဖော၊ လော်ဝေါ်၊ ကဇီး၊ ဇိုင်ဝါ၊ လီဆူ၊ ရဝမ် စသည့် ကချင်လူမျိုးစုခြောက်မျိုးစုနှင့် ရှမ်းနီလူမျိုးများဖြစ်သည့် တိုင်းလုံ၊ တိုင်းဆာလိုင်၊ ခန္တီးရှမ်းစသည့် ရှမ်းလူမျိုးစုများလည်းအတူ နေထိုင်ကြကြောင်း၊ ယင်းထဲမှ ကချင်မျိုးနွယ်စုတစ်ခုသည် လက်နက်အားကိုးဖြင့် အခြားကချင်မျိုးနွယ်စုများ အပေါ်သာမက ရှမ်းနီလူမျိုးများအပေါ်တွင်လည်း အနိုင်ကျင့်ဗိုလ်ကျမှုများ ရှိနေကြောင်း၊ ရှမ်းနီဆက်စပ်နယ်မြေများ၌ လူမျိုးကြီးဝါဒနှင့် ဗိုလ်ကျစိုးမိုး အနိုင်ကျင့်ကျင့်သုံးနေကြောင်း၊ ကချင်ပြည်နယ်၌ KIA/ KIO သောင်းကျန်းသူအဖွဲ့စတင်ဖွဲ့စည်းခဲ့ပြီး ရှမ်းနီလူမျိုးများကို လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများအပြင် ရှမ်းနီအမျိုးသမီးများအပေါ် အဓမ္မပြုကျင့်ခြင်းနှင့် နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့မှုများ အများအပြားရှိခဲ့ကြောင်း။

ဥပမာအားဖြင့် KIA ၏ ပစ်ခတ်မှုကြောင့် နမ့်ယားရွာရှိ ကျောင်းဆရာမတစ်ဦးဖြစ်သည့် မြရူပါငယ်ကို လက်နက်ကြီးစထိမှန်ခဲ့သည့်ဖြစ်စဉ်၊ ဖားကန့်မြို့နယ် နမ္မဖြစ် အလယ်တန်းကျောင်းမှ ကျောင်းဆရာ ဦးအောင်ဇင်ထွန်းကိုလည်း အတင်းအဓမ္မဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များလည်း ရှိခဲ့ကြောင်း၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ အမှတ်(၂)ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ ဇွန် ၄ ရက် ည ၈ နာရီခန့်က PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်နှစ်စီးနှင့် ရောက်ရှိလာပြီး လက်လုပ်မိုင်းသုံးလုံးဖြင့် ပစ်ပေါက်ခဲ့ကြောင်း၊ ရှမ်းနီလူမျိုးများကို အကြောင်းမဲ့ သတ်ဖြတ်မှုများအနေနှင့် ၅-၁၀-၂၀၁၅ ရက်နေ့တွင် ကိုထွန်းလွင်၊ ၆-၁၀-၂၀၁၅ ရက်နေ့တွင် ကိုကံဆက်၊ ၂၂-၅-၂၀၁၆ ရက်နေ့တွင် ဒေါ်နန္ဒာလှိုင်၊ ၆-၇-၂၀၂၀ ရက်နေ့တွင် စိုင်းသန့်ဇင်အောင်၊ ၆-၇-၂၀၂၀ ရက်နေ့တွင် စိုင်းဇော်မျိုးဦး၊ ၂-၁-၂၀၂၁ ရက်နေ့တွင် ကိုသိန်းဝင်း(ခ) ဆံရှည်တို့ကို KIA/ KIO အဖွဲ့များက သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းမှာ မိမိတို့သိရသည့် ဖြစ်စဉ်များဖြစ်ပြီး အခြားသောဖြစ်စဉ်များလည်း ရှိသေးကြောင်း။

လက်ရှိကာလ ဇွန် ၂၅ ရက် ညနေ ၇ နာရီခွဲခန့်အချိန်တွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာနေ ရှမ်းနီစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ နာယကဖြစ်သည့် ဦးသန်းဖေကို KIA တပ်မဟာ (၉) လက်အောက်ခံ KPDF အဖွဲ့မှ လူငယ် နှစ်ဦးက ဆိုင်ကယ်စီးနင်းမောင်းနှင်ပြီး သေနတ်ဖြင့် ဦးခေါင်းကို သုံးချက် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ အလားတူ ဇွန် ၁၉ ရက်တွင် ဗန်းမောက် ရှမ်းနီစာပေယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌ စိုင်းကျန်အောင်(ခ)ဆေးလိုင်ကို လက်နက်ငယ်များဖြင့် ပစ်ခတ်ခြိမ်းခြောက်ပြီး အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ကချင်ပြည်နယ်၌ KIA/KIO အဖွဲ့၏ လက်ဝေခံ PDF များက ပညာရေးကဏ္ဍကို အကြမ်းဖက်တိုက်ခိုက်လျက်ရှိသည့်အပြင် လူနည်းစုတိုင်းရင်းသားလူမျိုးများကိုလည်း နှိပ်စက်ညှဉ်းပန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဒေသက PDF အဖွဲ့များသည် KIA လက်အောက်ခံဖြစ်သည့်အတွက် ၎င်းတို့၏ လုပ်ရပ်အားလုံးကို တာဝန်ခံရန် အဓိကအကျဆုံးအဖွဲ့ဖြစ်ကြောင်း၊ လူမျိုးရေးပဋိပက္ခသည် ဖြေရှင်းရခက်ကြောင်း၊ မိမိတို့နိုင်ငံ၌ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မည်သည့်လူမျိုးစုမှ သီးသန့်နေထိုင်ခြင်းမရှိကြောင်း၊ တိုင်းရင်းသားပေါင်းစုံ နေထိုင်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဖွဲ့များ၌ သက်ဆိုင်ရာတိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်ထားကြောင်း၊ ဥပမာ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် ရှမ်းတိုင်းရင်းသားများနှင့် ဆိုင်သည့် ဝန်ကြီးရှိသကဲ့သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထဲတွင်လည်း သက်ဆိုင်ရာတိုင်းရင်းသား ဝန်ကြီးများရှိကြောင်း၊ လူမျိုးကြီးဝါဒကျင့်သုံးပြီး ကျန်တိုင်းရင်းသားများကို နှိပ်ကွပ်ခြင်းသည် မလုပ်သင့်သည့် အလုပ်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မကြာသေးမီကဖြစ်ပွားခဲ့သည့် ဥကရစ်ထစခန်းဖြစ်စဉ်ကို ရှင်းပြလိုကြောင်း၊ ဥကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းသည် ကရင်ပြည်နယ် မြဝတီမြို့၏ တောင်ဘက်စစ်ဆင်ရေးခြေကုပ်စခန်းတစ်ခုဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းတွင် အခြေပြုပြီး ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စခန်းတစ်ခုသာဖြစ်ကြောင်း၊ ထိုစခန်းကို ဇွန် ၂၆ ရက်မှစပြီး နယ်ဒါးမြ၊ စောစလုံး၊ စောအဲ့စေးဝါး အဖွဲ့များနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က သာလွန်အင်အားကို အသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နေ့စဉ်အကြိမ်ကြိမ်လာရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ၂၉-၆-၂၀၂၂ ရက်နေ့ တစ်ရက်တည်းတွင် ရှစ်ကြိမ်တိုင်တိုင် လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြောင်း၊ ဥကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းမှ တပ်မတော်သားများအနေဖြင့် ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်ဖြင့် စနစ်တကျ တန်ပြန်ခုခံပစ်ခတ်ခြင်း၊ အထက်ဌာနများမှ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူတို့ကို အချိန်ကိုက်နေရာကိုက် ထိရောက်သည့် ပစ်ကူပစ်အားများပေးခဲ့သည့်အတွက် အကြမ်းဖက်သမားများသည် စခန်းကို သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အကျအဆုံးများစွာနှင့် ဆုတ်ခွာထွက်ပြေးခဲ့ရကြောင်း မြေပြင်သတင်း၊ ၎င်းတို့ဘက်က တင်ထားသည့်သတင်းများ၊ နယ်စပ်ဒေသ ဒေသခံများဆီက ပေးပို့လာသည့် သတင်းများအရ သိရှိရကြောင်း။




သတင်းစာရှင်းလင်းပွဲ၌ အကြောင်းမဲ့သတ်ဖြတ်ခြင်းခံခဲ့ရသည့် ရှမ်းနီလူမျိုးများ၏ မှတ်တမ်းဓာတ်ပုံများ။

ယင်းပူးပေါင်းအဖွဲ့များ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းကို မည်သို့ခြေကုပ်ယူ တိုက်ခိုက်သည်၊ မည်သို့အသေခံ တိုက်ခိုက်ခိုင်းသည်ကို ဗီဒီယိုဖိုင်တွင် ကြည့်စေလိုကြောင်း၊ ကျေးရွာစာသင်ကျောင်းများ၊ လူနေအိမ်များကို အကာအကွယ်ယူ၍ တိုက်ခိုက်ကြကြောင်း၊ မိမိပြောလိုသည်မှာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ကျေးရွာများ တည်ငြိမ်အေးချမ်းရေးကို မည်သူက ဖျက်ဆီးနေသည်ကို လက်တွေ့တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အထောက်အကူပြုနေသည့်သူများကိုလည်း ပုံနှင့်ပြသမည်ဖြစ်ကြောင်း၊ ယင်းတို့ကိုလည်း လက်တွေ့မြင်ရမည် ဖြစ်ကြောင်း၊ တိုက်ပွဲနှင့်ပတ်သက်ပြီး အများအားဖြင့် သေကျေထိခိုက် ဒဏ်ရာရသူများမှာ အများအားဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့၏ လူငယ်၊ လူရွယ်များသာဖြစ်ကြောင်း၊ ၎င်းတို့ သေသည်ဖြစ်စေ၊ ဒဏ်ရာရသည်ဖြစ်စေ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်ပြည်သူလူထုသာ သေဆုံးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ဖြစ်အောင် မည်သူကမြှောက်ပေးနေ၊ အလှူခံစားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။ တိုက်ပွဲတွင် အဘယ့်ကြောင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့၏ လူငယ်၊ လူရွယ်များကို အသေခံခိုင်းနေတာလဲ၊ နောက်ကမြှောက်ပေးနေတာ ဘယ်သူများလဲဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထူးခြားချက်တစ်ချက်အနေဖြင့် ယခင်က တပ်မတော်စခန်းများကို တိုက်ခိုက်သည့်တိုက်ပွဲများထက် ယခုတိုက်ပွဲတွင် ထူးခြားသည်မှာ ကျည်နှင့်ခဲယမ်းများ များများစားစား အသုံးပြုခြင်းဖြစ်ကြောင်း၊ ယင်းလက်နက်ခဲယမ်းများ ဘယ်ကရသလဲ၊ မိုးပေါ်က ကျလာတာတော့မဟုတ်ကြောင်း၊ ပေးမှ သို့မဟုတ် ဝယ်မှရမည်ဖြစ်ကြောင်း၊ ထိုသို့လက်နက်ခဲယမ်းများရနေသမျှ တိုက်ပွဲများမှာ ဖြစ်နေဦးမည်သာဖြစ်ကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်နေဦးမည်သာ ဖြစ်ကြောင်း၊ မိမိတို့ လက်နက်၊ ခဲယမ်းများ မထောက်ပံ့ပေးပါဟု ပြောနေသည်များရှိကြောင်း၊ ၎င်းတို့ကို ပြန်မေးလိုသည်မှာ "ဒါဆိုဘယ်ကရနေသလဲ" ဟူ၍ဖြစ်ကြောင်း၊ တိုက်ပွဲများတွင် သေကျေဒဏ်ရာရသူများကို ဆေးရုံပို့နေသည့် ပုံများလည်း တွေ့ရမည်ဖြစ်ကြောင်း၊လူငယ်လူရွယ်များအနေဖြင့် မိမိတို့ကို အသုံးချနေသည်၊ ချကျွေးနေသည်၊ သေတွင်းပို့နေသည်ကို သတိရှိကြရန် လိုသည်ဟု စေတနာထားပြီးပြောလိုကြောင်း။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

ထို့ကြောင့် လမ်းမှားရောက်နေသည့် CDM ဝန်ထမ်းများ၊ လူငယ်၊ လူရွယ်များကို လက်ခံရေး စခန်းများဖွင့်ပြီး ပြန်လည်ဖိတ်ခေါ်ရန် ဆောင်ရွက်နေကြောင်း၊ ကြေညာချက်ထုတ်ခဲ့ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ လမ်းမှားရောက်နေသူများအနေဖြင့် မိမိတို့ကို အသုံးချနေသည်ကို သိမြင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ဖိတ်ခေါ်နေချိန်တွင် ပြန်လည်ဝင်ရောက်ရေး ဆက်သွယ်ဆောင်ရွက်သွားကြပါဟု စေတနာဖြင့် တိုက်တွန်းလိုပါကြောင်း၊ သက်ဆိုင်သူ အားလုံးကလည်း ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးပါဟု ပြောလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများအနေဖြင့် (က) ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ၊ မဲမသမာမှုများနှင့် တရားမဲ့ ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှု အခြေအနေ၊ ( ခ )မဲဆန္ဒရှင်စာရင်းများ ပြည့်စုံ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ **(၂၀၀၈ ခုနှစ်)**ပုဒ်မ-၇ ပါ ပြဋ္ဌာန်းချက်အရ **“ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်”** ဖြစ်ရာ ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် ရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပပေးရန်လိုအပ်ပါကြောင်း၊ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ အရ **“ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်”** ဖြစ်ရာ ထိုအခွင့်အရေးကို မှန်ကန်စွာ ကျင့်သုံး ဆောင်ရွက်ရန်လည်းလိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများသည် မည်သည့်နှောင်ကြိုး၊ ဖိအား၊ ခြိမ်းခြောက်၊ အကျပ် ကိုင်မှုမရှိဘဲ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရန် အာမခံထားရှိပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် အမှတ်(၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးများသည် အရေးကြီးသည့် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း။

လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ၊ မဲဆန္ဒရှင်ပြည်သူများ ၊ မဲရုံအဖွဲ့ဝင်များ ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ အပါအဝင် သက်ဆိုင်သူအားလုံးသည် သက်ဆိုင်ရာဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများကို ကောင်းမွန်စွာသိရှိပြီး တိကျစွာ လိုက်နာရန်လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ ၊ တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ပါကလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းခံရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများတွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ ၊ တရားမဲ့ပြုကျင့်မှုများနှင့် စပ်လျဉ်းပြီး အသေးစိတ် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ မဲဆန္ဒရှင်တစ်ဦးကဖြစ်စေ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့် တရားမဲ့ပြုကျင့်မှုများ ကျူးလွန်ပြီး ပါတီတစ်ခုသို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦး အသာရအောင် သို့မဟုတ် နစ်နာအောင် ဆောင်ရွက်ပါက လိုအပ်သော အရေးယူမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို အရေးယူရာတွင်လည်း ကျူးလွန်သည့် ပြစ်မှုအမျိုးအစားနှင့် ညီမျှသည့် ပြစ်ဒဏ်များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်းပြီး လိမ်လည်စွပ်စွဲတိုင်တန်းပါက အနည်းဆုံးသုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ခံရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပမည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်း ပျက်ပြားရန်ဖြစ်စေ ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ အားထုတ်ကြိုးပမ်းခြင်း၊ ကျူးလွန်အားပေးကူညီခြင်းတို့ ဆောင်ရွက်ပါက ထိရောက်ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးကိုလည်း ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း၊ အထူးတင်ပြလိုသည်မှာ အချိုးကျကိုယ်စားပြုစနစ်(PR)စနစ်ဖြင့် ကျင်းပမည့်နောင်ရွေးကောက်ပွဲများတွင် မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုကိုဖြစ်စေ ၊ နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ တရားမဲ့ပြုကျင့်မှုကြောင့် ကန့်ကွက်လွှာတင်သွင်းခြင်းခံရပြီး ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်အရ ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ကြောင်း အတည်ပြုဆုံးဖြတ်ပါက ယင်းပါတီရရှိခဲ့သည့် အဆိုပါမဲဆန္ဒနယ်၏ ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ခံရမည်ဖြစ်သောကြောင့် တရားမဲ့ပြုကျင့်မှုများ မဖြစ်ပေါ်စေရေး အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန် ဆောင်ရွက်ခဲ့ကြသူများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကာလမှာ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အမှုပေါင်း ၁၀၇၇ မှု ဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် ရွေးကောက်ပွဲဥပဒေနှင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၅၄၆ မှု ရှိခဲ့ပါကြောင်း၊ ထိုအမှုများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရရှိသည့် စာရင်းဇယားများအရ တရားစွဲတင်ပြီး ၃၄၅ မှု၊ ပိတ်သိမ်းမှု ၂၀၀ နှင့် ဥပဒေအကြံပြုချက် တောင်းခံဆဲတစ်မှု ဖြစ်ပါကြောင်း။ အလားတူ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းနှင့်အဖွဲ့ဝင်များ၊ ဝန်ကြီးဟောင်း ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ အပါအဝင် ကျူးလွန်သူ ၄၈၉ ဦးကို အမှုတွဲ ၃၆၄ ခုဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး တရားစွဲဆိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျူးလွန်သူ ၁၇၀ ကို အမှုတွဲအရေအတွက် ၁၃၇ မှု ဖြင့် တရားစွဲဆိုခဲ့ရာတွင် ပြစ်ဒဏ်ချမှတ်ပြီး ၅၈ မှု နှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၇၉ မှု ဖြစ်ပါကြောင်း။

ထို့အပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတာဝန်များကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်ခဲ့သည့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်ပေါင်း ၂၄၁၇ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိရာ ကျူးလွန်သူ ၂၁၇၃ ဦးကို အမှုတွဲအရေအတွက် ၃၇၃ ခု နှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး ၃၆၉ မှုနှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန်လေးမှု ဖြစ်ပါကြောင်း။

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင် လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး အတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဦးဆောင်မှုနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အနီးကပ် ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲစာရင်းပြုစုရာတွင် အခြေခံရမည့် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ကောက်ယူပြုစုထားသည့် မြေပြင် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားပြီး အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ (၆၆/၆)ကို အခြေခံပြုစုထားသည့် စာရင်းတို့ကိုရယူပြီး တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဆောင်ရွက်ပြီး ၂၁၈ မြို့နယ်၊ ဆောင်ရွက်ဆဲ မြို့နယ် ၉၀ နှင့် ဆောင်ရွက်ရန် ကျန် ၁၇ မြို့နယ် ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များကိုလည်း ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဌာနများက ရရှိသည့် အခြေခံလူဦးရေစာရင်းသည် ရှစ်သန်းခန့်ရှိရာ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများပြားသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ပြည်ထောင်စုနယ်မြေအပါအဝင် မြေပြင်တိုက်ဆိုင် စစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့် တိုင်းဒေသကြီး / ပြည်နယ်၊ခရိုင်၊ မြို့နယ်များက ကော်မရှင်ရုံးဝန်ထမ်းများကို ရန်ကုန်မြို့တွင် စုစည်းပြီး ရန်ကုန်တိုင်းဒေသကြီးရှိ လူဦးရေများပြားသည့် မြို့နယ်များအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ဇွန် ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသင်တန်းကျောင်းတွင် ဆောင်ရွက်နေသည့် မှော်ဘီမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၏ အခြေခံလူဦးရေ စာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစင်တာတွင် ဆောင်ရွက်နေသည့် ရွှေပြည်သာ မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၏ အခြေခံလူဦးရေ စာရင်းကို မြေပြင်တိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပါကြောင်း။

အလေးထားတင်ပြလိုသည်မှာ မဲစာရင်းပြုစုရာတွင် ရယူအခြေခံရမည့် သက်ဆိုင်ရာဝန်ကြီးဌာနနှစ်ခု၏ စာရင်းများပြည့်စုံ မှန်ကန်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ အလားတူ ပြည်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများကို ဥပဒေနှင့်အညီ ပြုစုခြင်းနှင့် စိစစ်ခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဌာန / အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပမည့်ရက် ကြေညာပြီးနောက် မဲစာရင်းများ ကပ်ထားကြေညာသည့်အခါတွင် မဲဆန္ဒရှင်ပြည်သူများက လာရောက်ကြည့်ရှုပြီး ဥပဒေနှင့်အညီ မဲစာရင်းတွင် မိမိအမည်မပါပါက ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါသင့်သူများ ပါနေပါက ကန့်ကွက်ခြင်း၊ မှားယွင်းမှုရှိပါက ပြင်ဆင်ခြင်းများ ဆောင်ရွက်ခြင်း၊ တစ်နည်းအားဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု ပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိရေး ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ။ အလားတူ ယခင်ရွေးကောက်ပွဲအတွေ့အကြုံနှင့် ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုနှင့်မဲဆန္ဒရှင် အသိပညာပေးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန် တည်းတွင် လူသားအရင်းအမြစ် ဖြည့်တင်းရေး၊ လေ့ကျင့်ရေးနှင့် အခြေခံအဆောက်အအုံများတည်ဆောက်ရေး ဆောင်ရွက်ခြင်း၊ စစ်ဆေး ကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ် (၁)ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅) နှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြဝတီမြို့နယ် ဝေါလေဒေသအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများလှူဒါန်း

**နေပြည်တော် ဇူလိုင် ၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေါလေဒေသအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များက အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ လာရောက် လှူဒါန်းကြသည်။



ထိုသို့လှူဒါန်းရာတွင် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော် ချစ်မြတ်နိုးသူ စေတနာရှင်အဖွဲ့တို့က ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာ ၁၁ မျိုး၊ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၂ သိန်းကျော်ကို လည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကရင်ပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)၊ ကရင်ပြည်နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ကရင်ပြည်နယ် တေဇညီအစ်ကိုများအဖွဲ့နှင့် MASTER GOLF HPAAN အဖွဲ့တို့က ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာ ၁၀ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၆၀ ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်က လက်ခံရယူပြီး(ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MRTV CUP ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV CUP ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၄ ရက် ညနေ ၄နာရီခွဲက နေပြည်တော်- တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရာတွင် တတိယနေရာလုပွဲအဖြစ် စီမံခန့်ခွဲရေးဌာန အသင်းနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (က)အသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ရုပ်မြင်ဌာနအသင်းနှင့် အသံလွှင့်ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရုပ်မြင်ဌာနအသင်းက သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။



ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ညွှန်ကြားရေးမှူး ဦးစောမြင့်ဇော်က တတိယဆုရရှိသည့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(က) အသင်းကိုလည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက ဒုတိယဆုရရှိသည့် အသံလွှင့်ဌာန အသင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပထမဆုရရှိသည့် ရုပ်မြင်ဌာန အသင်းကို လည်းကောင်း ငွေသားနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၂ ခုနှစ် မိုးရာသီ MRTV CUP ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပခဲ့ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ရုပ်မြင်ဌာန၊ အသံလွှင့်ဌာန၊ စက်မှုဌာန၊ စီမံခန့်ခွဲရေးဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းဌာနတို့ ပါဝင်ယှဉ်ပြိုင် ကစားကြခြင်း ဖြစ်ကြောင်း သိရသည်။ **MRTV**

## ၂၀၂၂ အာဆီယံ အမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့ ယနေ့စတင်မည်ဖြစ်ပြီး မြန်မာနှင့်တီမော တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၄**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဇူလိုင် ၅ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပြိုင်ပွဲဝင် အသင်းများ၏ ပွဲကြို သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက အွန်လိုင်းစနစ်ဖြင့် ပြုလုပ်ခဲ့ပြီး မြန်မာ၊ ဗီယက်နမ်၊ တီမော၊ လာအို၊ ကမ္ဘောဒီးယားအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့ကြသည်။

"ပြီးခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ကစားခဲ့တဲ့ ကစားသမားအများစုကို အခြေခံပြီး လူငယ်ကစားသမား ခြောက်ဦးလောက်ကို ပေါင်းစပ်ပြီး အသင်းကို ဖွဲ့စည်းထားပါတယ်။ ကစားသမားတွေကို ဆီးဂိမ်းပြိုင်ပွဲအပြီး အနားပေးခဲ့တာဖြစ်လို့ လေ့ကျင့် ပြင်ဆင်ချိန် ၂-၃ ပတ်လောက် ရခဲ့ပါတယ်။ နောက်ဆုံးပြိုင်ပွဲမှာ မမျှော်လင့်ထားတဲ့ ရလဒ်ထွက်ခဲ့တာဖြစ်လို့ ကစားသမားတွေမှာ စိတ်ပိုင်းဆိုင်ရာ အနည်းငယ် ပြဿနာရှိနေတယ်။ အဲဒါကိုလည်း အကောင်းဆုံးပြန်ပြီး တည်ဆောက်ပြင်ဆင်နေပါတယ်။ ကစားသမားတွေအနေနဲ့လည်း သူတို့ဘယ်လောက် အရည်အချင်းရှိတယ်ဆိုတာ ပြသဖို့ ဒီပွဲမှာ အကောင်းဆုံးကစားမယ်လို့ ယုံကြည်ပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံး အမြင့်ဆုံးထိရောက်အောင် ကြိုးစားသွားပါမယ်" ဟု မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းက ပြောကြားသည်။

အုပ်စု (ခ) ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် တီမော၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် လာအိုနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ သြစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။

**ရဲရင့်လွင်**

## ရေလုပ်ငန်းများသို့ ပို့ဆောင်၍ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇူလိုင် ၄**

ရေလုပ်ငန်းများသို့ ပို့ဆောင်၍ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်နေ ဝင်းနိုင်ဦးက တစ်မြို့နယ်တည်းနေ ဦး ----၊ ၅၀ နှစ်၊ ကို ----၊ ၃၈ နှစ်၊ မောင် ----၊ ၁၉ နှစ်တို့ကို ဟိုင်းကြီးကျွန်းပင်လယ်ပြင်တွင် ရေလုပ်သားအဖြစ် လုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်းငွေကျပ် ၁၅၀၀၀၀ ရမည်ဟု စည်းရုံးပြောဆို၍ မိဘမေတ္တာရေလုပ်ငန်းနှင့် သန်းထွန်းအောင် ရေလုပ်ငန်းသို့ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကန်ကြီးထောင့်မြို့မရဲစခန်း၊ (ပ) ၇၈၄/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပုသိမ်ခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ဇွန် ၃၀ ရက်တွင် တရားခံ ဝင်းနိုင်ဦး အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်အားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နေ ဦး ----၊ ၄၄ နှစ်၊ ကို ----၊ ၃၀ နှစ်၊ ဦး ----၊ ၄၈ နှစ်တို့ကို ရေးမြို့နယ် အစင်ကျေးရွာရှိ ဦးသန်းဌေး၏ ရေလုပ်ငန်းသို့ ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကန်ကြီးထောင့်မြို့မရဲစခန်း၊ (ပ) ၇၉၃/ ၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပုသိမ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်အား လည်းကောင်း၊ ဝင်းနိုင်ဦးနှင့် ငပုတောမြို့နယ်နေ လှဆန်းတို့က ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နေ ဦး ----၊ ၄၄ နှစ်၊ ဦး ----၊ ၅၅ နှစ်၊ မောင် ----၊ ၂၄ နှစ်နှင့် ဦး ----၊ ၄၂ နှစ်တို့ကို ဖျာပုံမြို့နယ် နောက်မီးကျေးရွာရှိ တုတ်ကြီး(ခ) နေဇာထွန်း၏ ကျားဖောင်ပေါ်သို့ ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် သာပေါင်းမြို့မရဲစခန်း၊ (ပ)၉၂၂/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပုသိမ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံဝင်းနိုင်ဦးနှင့် လှဆန်းတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၅ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီအားလည်းကောင်း အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲ မြန်မာအသင်း ထိုင်းကိုအရေးနိမ့်

**ရန်ကုန် ဇူလိုင် ၄**

၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ဇူလိုင် ၄ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ ထိုင်းအသင်းက မြန်မာအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် အဓိကပြိုင်ဘက်ဖြစ်သော ထိုင်းအသင်းနှင့် ထိပ်တိုက်တွေ့ဆုံသည့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။ မြန်မာအသင်းသည် ယခုရှုံးပွဲကြောင့် လက်ကျန်သုံးပွဲတွင် ရှန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် ဟိန်းထက်စိုး (ဂိုး)၊ မျိုးမင်းဟိန်း၊ လန်းဆန်းအောင်၊ လင်းလင်းထွန်း၊ အာကာကျော်၊ ဇော်ဝင်းသိန်း၊ ချစ်အေး၊ မိုးဆွေ၊ ထွန်းထွန်းသိန်း၊ ဥက္ကာနိုင်၊ လမင်းထွေးတို့ဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး ဘရူနိုင်းကိုအနိုင်ရသည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲမပြုလုပ်ခဲ့ပေ။ မြန်မာအသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းမှာပင် သုံးဂိုးပေးလိုက်ရသဖြင့် ခက်ခဲသွားပြီး ရရှိသည့် အခွင့်အရေးများလည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ချေပဂိုးမရဘဲ သုံးဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၇၊ ၂၅၊ ၃၃ မိနစ်တွင် သွင်းယူခဲ့သည်။

ထိုင်းအသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင်၊ ခြောက်မှတ်ရထားပြီး မြန်မာအသင်းက နှစ်ပွဲကစား သုံးမှတ်ရထားသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဇူလိုင် ၆ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်   ဇူလိုင်   ၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စပါးအိုးအနောက်ကျေးရွာနေ ဇင်ဖြိုးအောင်(ခ)တွဲတွဲသည် ၎င်းအသုံးပြုသည့် "Zin Phyo Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနာ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ဖမ်းဆီး၍ ရက်စက်စွာသတ်ဖြတ်

နေပြည်တော်   ဇူလိုင်   ၄

**နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက် ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက် ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဒေါင်းသာကျေးရွာရှိ သာသနာ့ဝံသ ဘုန်းကြီးကျောင်းမှ ဆရာတော်ဘဒ္ဒန္တပဝရ သက်တော်(၅၉)နှစ်၊ ဝါတော်(၁၂)ဝါသည် ပေါက်မြို့နယ် လယ်လန်းကျေးရွာဘက်သို့ တစ်ပါးတည်းဆိုင်ကယ်ဖြင့် သွားရောက်စဉ် လယ်လန်းကျေးရွာအနီးသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာတော် စီးနင်းလာသည့် မော်တော်ဆိုင်ကယ်ကို တားဆီးပြီး ဆရာတော်ကို အကြောင်းမဲ့ဖမ်းဆီး၍ ကျားပစ်ကန်ကျေးရွာဘက်သို့ ခေါ်ဆောင်သွားပြီး ဇူလိုင် ၃ ရက် နံနက် ၉ နာရီခန့်တွင် ကျားပစ်ကန်ကျေးရွာအနီး၌ ဆရာတော်၏လည်ပင်းကို ဓားဖြင့် ရက်စက်စွာခုတ်ခဲ့သဖြင့် ဆရာတော်သည် အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် အပါး ၅၀ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ သေဆုံးခဲ့ပြီးဖြစ်ကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ သံဃာတော်အား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကောလင်းမြို့နယ် မောင်းကော်ကျေးရွာနှင့် သရက်ခုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့မှ ဆရာ ဆရာမ၊ မောင်နှမ ၂ ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက ဆင်ခြင်တုံတရားမဲ့စွာ ဖမ်းဆီးသတ်ဖြတ်

နေပြည်တော်   ဇူလိုင်   ၄

**NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြု ပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ လုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက် ရှိသည်။**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် သရက်ခုံကျေးရွာနေသူများ ဖြစ်သည့် မောင်းကော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြကျောင်းဆရာ ဦးဇော်ဝင်းသိန်း (၄၃)နှစ် (ဘ) ဦးမောင်တင့်နှင့် ၎င်း၏ညီမဖြစ်သည့် သရက်ခုံကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြကျောင်း ဆရာမ မဥမ္မာဝင်း (၂၇)နှစ်တို့ နှစ်ဦးသည် နေအိမ်၌ အတူရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ရောက်ရှိလာပြီး နေအိမ်အတွင်း ဝင်ရောက်ကာ ၎င်းတို့ နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သရက်ခုံ ကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ အင်ကြောဇင်ကျေးရွာအနီး (ဒေသအခေါ်) မောင်းသွန်းကုန်းတံတားအနီး အရောက်၌ ဆင်ခြင်တုံ တရားမဲ့စွာဖြင့် အကြောင်းမဲ့သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်း ဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာ ရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန် ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန် နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့ လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်း ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တန့်ယန်းနှင့် ဟိုပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်   ဇူလိုင်   ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် မွန်းလွဲ ၃ နာရီတွင် တန့်ယန်းမြို့ အမှတ်(၇)ရပ်ကွက်ရှိ လုံးကျုံ၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဟိုပန်မြို့ မိန်းပန်းရပ်ကွက်ရှိ မအေးအမ်၏ နေအိမ်သို့ ဝင်ရောက်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရ သည်။

**ရဲပြန်ကြား**

# နမ္မတူ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များ ပြန်လည်ရောင်းချခွင့်ပြု

**နမ္မတူ   ဇူလိုင် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်တွင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိတော့သဖြင့် ယာယီပျံကျဈေးကို ပိတ်သိမ်း၍ ယနေ့ နံနက် ပိုင်းမှစတင်ကာ ကုန်စိမ်းရောင်းချသူများကို မြို့မဈေးကြီးအတွင်း၌ ပြန်လည် ရောင်းချခွင့်ပြုလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းသွားပြီဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၉ ရက်တွင် ပန်ဟိုက်ရပ်ကွက်(၆) ဘောလုံးကွင်းတွင် ဖွင့်လှစ်ပေးခဲ့သည့် ယာယီပျံကျဈေးကို ပိတ်သိမ်းကာ မြို့မဈေးကြီးအတွင်း၌ ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန မှ အမှုဆောင်အရာရှိထံက သိရသည်။

**လူမော်(ပြန်/ဆက်)**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၂)ခုနှစ်၊ ဇူလိုင်လ မှစတင်၍ ဆေးနှင့် ဆေးပစ္စည်း၊ စက်ပစ္စည်း၊ ပုံနှိပ်ပစ္စည်းများကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးရှိ ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း၊ ကာကွယ်ဆေးများကို ရန်ကုန်ဗဟိုအအေးခန်းကာကွယ်ဆေး သိုလှောင်ရုံ(သမိုင်း)မှ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် တိုးချဲ့ကာကွယ်ဆေးထိုးဌာနခွဲများသို့လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ် တိုးချဲ့ကာကွယ်ဆေးထိုးဌာနခွဲများမှ ရန်ကုန်ဗဟိုအအေးခန်း ကာကွယ်ဆေးသိုလှောင်ရုံ(သမိုင်း) သို့လည်းကောင်း သယ်ယူပို့ဆောင်ပေးခြင်း တို့အတွက် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့်(၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ် – Tender.2.Transport (2022–2023)**

**တင်ဒါစတင်သည့်ရက် – ၆-၇-၂၀၂၂ရက်**

**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် – ၂၀-၇-၂၀၂၂ရက် မွန်းတည့် ၁၂နာရီ**

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်5K/7596 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်BB/3782 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန် အကြောင်းကြားအပ်ပါသည်

ကျွန်တော် ကျွန်မ တို့၏ WEWIN Global Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ် 119209307 (3-4-2017) သည် အောက်ပါ ID နံပါတ်များ ပျောက်ဆုံးသွားပါသည်-

ပျောက်ဆုံးသွားသော ID နံပါတ်များမှာ-

1. 100026744200
2. 100026742540
3. 100026763540
4. 100033694460
5. 100060722200
6. 100124584710
7. 100153808900
8. 100126653540

တို့ဖြစ်ပါသည်။ ထို့ကြောင့် ကုမ္ပဏီ၏ ID နံပါတ်များ ပျောက်ဆုံးသွားပါသဖြင့် အများသိစေရန် အကြောင်းကြားအပ်ပါသည်။

## အထွေထွေ ကိုယ်စားလှယ်အဖြစ်မှရုပ်သိမ်းခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆၈၁)၊ ၃၅လမ်းနှင့် ၇၄လမ်းထောင့်နေ ဒေါ်ခင်လှမူ(ဘ) ဦးနီ ၉/ မရမ(နိုင်)၀၂၇၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှမူ မှ ဦးမြစိန်(ဘ)ဦးတင်လှ ၁၄/မအပ(နိုင်)၀၀၀၆၆၄ အား ၂၀၁၂ ခုနှစ် မတ် ၃ ရက်တွင် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ ၁၆၈၈/၂၀၁၂ဖြင့် အထွေထွေ ကိုယ်စားလှယ်လွှဲစာ (လုပ်ငန်းလုပ်ကိုင်ရန်) ပေးအပ်ခဲ့ပါသည်။ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသော်လည်း လုပ်ငန်းပြီးစီးအောင်မြင်အောင် အချိန်မီဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား သတင်းစာပါသည့် ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ပြန်လည်ရုပ်သိမ်း၊ ပယ်ဖျက်ကြောင်းကို မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် လာရောက်ပယ်ဖျက်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ပယ်ဖျက်ဆောင်ရွက်ပေးခြင်းမရှိပါက အထွေထွေလွှဲစာရုပ်သိမ်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဖြိုးကိုကို(LL.B)(၁၄၂၁၁)**
**(တရားလွှတ်တော်ရှေ့နေ)**
**အိမ်အမှတ် (၁၁၅/၈)၊ ၁၉x၂၀ လမ်းကြား၊ ၆၃x၆၄လမ်းကြား**
**အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၀၄၈၃၈၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇမ္ဗူဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁က/ဥတ္တရသီရိတောင်ရပ်မှ မြေရေိယာ(၀ဒသမ ၉၁၈)ကေရှိ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ၁၃/ကတန(နိုင်) ၀၁၁၀၃၁(ဘ)ဦးဝင်းလှိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၀၀၂)ကို မြေကွက်အမည်ပေါက် (ကွယ်လွန်)၏ အမွေဆက်ခံခွင့်ရှိသော သားနှင့်သမီးများဖြစ်ကြသည့်

(၁) ဒေါ်စန်းသီတာဝင်း ၁၃/ကတန(နိုင်) ၀၁၁၀၃၆ (ဘ)ဦးကျော်ဝင်း

(၂) ဒေါ်စန်းစံပယ်ဝင်း ၁၃/ကတန(နိုင်) ၀၁၁၀၃၇(ဘ)ဦးကျော်ဝင်း

(၃) ဦးမင်းနေကျော်ဝင်း ၁၃/ကတန(နိုင်) ၀၁၁၀၃၅(ဘ)ဦးကျော်ဝင်း

တို့(၃)ဦးမှ မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေ အသုံးပြု၍ ကျန်းမာရေးဌာနသုံး ပစ္စည်း၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.5. Equipment(2022-2023)

တင်ဒါစတင်သည့်ရက် - ၆-၇-၂၀၂၂ရက်

တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၂၀-၇-၂၀၂၂ရက်၊ မွန်းတည့် ၁၂ နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ၊ ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၃)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂)၊ ယိုးဒယားတန်းအကွက်၊ ဦးပိုင် အမှတ်( ၆၈)၊ ဧရိယာ(၀ဒသမ၀၂၂)ကေရှိ ဒေါ်ခင်စန်း အမည်ပေါက်ပိုင်ဆိုင်သော အရှေ့-ဘုရားလမ်း၊ အနောက်-ဦးပိုင်(၆၇)၊ တောင်- ဦးပိုင်(၆၉+၇၀)၊ မြောက်-ဦးပိုင်(က/၆၆)အတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကို ဒေါ်သက်သက်မွန်မှ အမည်ပြောင်းပေးရန် လျှောက်ထားမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက (၂၃-၆-၂၀၂၂)ရက်မှ (၂၂-၇-၂၀၂၂)ရက်အထိ ရက်ပေါင်း(၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ကာလအတွင်း လာရောက်ကန့် ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာမှ D.10ရှေ့နောက် ၄၀ပေ၊ တောင်မြောက် ၂၀ ပေ ရှိ မြေကွက်ကို ကိုချိုတူး ၈/ပခက(နိုင်)၀၈၅၀၀၁ထံမှ ဒေါ်မိုးသဇင်မှ ဝယ်ယူပြီး အသိသက်သေ ၁။ ဦးသန်းထွန်းအေး ၉/မနမ(နိုင်) ၀၈၈၂၀၆၊ ၂။ ဦးသက်နိုင် ၉/မနမ(နိုင်)၀၁၁၀၀၆၊ ၃။ ဦးထူးတင့်ဇော်၈/ပခက(နိုင်) ၃၀၅၃၈၆တို့ရှေ့တွင် ဒေါ်မိုးသဇင် ၉/မနမ(နိုင်) ၀၀၉ ၀၃၁မှ ငွေကြေးပေးချေပြီးအရပ်ကတိစာချုပ်ချုပ်ဆိုပြီး အရောင်းအဝယ်ပြုလုပ်ပြီး ဖြစ်ပါသည်။ ၎င်းမြေကွက်ပေါ်တွင် အိမ်ဝိုင်းခြံကာ ပြုပြင်ခြင်းများပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ စာချုပ်စာတမ်းမူရင်းများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မိုးသဇင် ၉/မနမ(နိုင်) ၀၀၉၀၃၁(ဖုန်း-၀၉-၂၀၃၉၂၃၇)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သုခလမ်းသွယ်၊ အမှတ် ၈၀နေ ဦးသစ်(ကွယ်လွန်)နှင့် ဒေါ်ကြွေ ၁၂/ အစန(နိုင်)၀၈၉၃၇၆ တို့၏ သမီးများဖြစ်သော ဒေါ်ခင်မျိုးနွယ် ၁၂/ အစန(နိုင်)၀၀၃၀၄၃ နှင့် ဒေါ်မြသီတာ ၁၂/အစန(နိုင်) ၂၂၆၅၈၁ တို့ သည် မိခင်ဖြစ်သူအား သားသမီး ဝတ္တရားမကျေပွန်သည့်အပြင် မိခင်နှင့် ဆွေမျိုးညီအစ်ကို မောင်နှမများ သိက္ခာကျစေရန်နှင့် စိတ်ဆင်းရဲစေရန်အမျိုးမျိုး ဒုက္ခပေးနေပါသဖြင့် မိခင်ဖြစ်သူ ဒေါ်ကြွေမှ ၎င်းတို့(၂)ဦးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းတို့ (၂)ဦးနှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်များမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် မည်သို့မှ ပတ်သက်စပ်ဆိုင်မှု မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ်ထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၃၄)**
**ရှေ့နေများ နားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်**
**ဖုန်း-၀၉-၇၉၈၂၃၃၄၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ နှင်းဆီလမ်း၊ အမှတ်(၁၃)ဟု ခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၇)၊ မြေကွက်အမှတ်(၁၃)ဟု မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အပါအဝင် ယင်းမြေနှင့် အဆောက်အအုံတို့အား အမည်ပေါက် ပိုင်ဆိုင်သော ဦးမောင်မောင်အုန်း ၁၃/တကန(နိုင်) ၁၁၆၅၃၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းအား ပေးအပ်ထားပြီးဖြစ်၍ ယင်းမြေကွက်နှင့် အဆောက်အအုံတို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်များအပေါ် အခြားသက်ဆိုင်သူများအနေဖြင့် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဆုံးခန်းတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးလင်းဇာနည်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၁၂)**
**အမှတ်(၁၂-အက်ဖ်)၊ ၅၄လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၂၉၃၄၅၆၆၊ ၀၉-၄၃၁၁၃၆၄၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်မိမိကြိုင် ၁၄/ညတန(နိုင်) ၀၈၆၁၄၅၊ အမှတ်(၄၅၁)၊ ခြောက်လွှာ(A)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက်အမှတ်(၇၈၁၊ ၇၈၂၊ ၇၈၃၊ ၇၈၄)၊ အခန်းအမှတ်( ၂၀၁)၊ ဒုတိယထပ်(ဝဲ)အကျယ်အဝန်း(၂၀ x ၅၀)ပေရှိ တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလီဘင်ဟို(ခ)မောင်နီ အမည်ဖြင့် မှတ် သားတည်ရှိသည့် အထက်စာရင်းပါ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးလီဘင်ဟို(ခ)မောင်နီ-ဒေါ်မြေိုင်တို့၏သမီး ဒေါ်စမ်းသီတာ ၁၂/ပဇတ(နိုင်) ၀၂၈၀၂၄ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မိမိကြိုင် ၁၄/ညတန(နိုင်) ၀၈၆၁၄၅က အပြီးအပိုင် ဝယ်ယူရန်အတွက် တိုက်ခန်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ ၃ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဖြိုးသန္တာသော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၄၅/၂၀၁၇)**
**တိုက်(၁၄/အေ)၊ မြေညီ၊ ပုညဝနလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၂၂၂၃၀၉၊ ၀၉-၄၂၀၀၄၄၂၇၅**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပ ရပ်ကွက်၊ အမှတ် ပ-၃၃၇၇၇၊ ဧရိယာ ၀ဒသမ ၀၅၅ ဧက၊ အလျား ၆၀ပေ၊ အနံ ၄၀ပေ ရှိ မူလပိုင်ရှင် ဂရန်မြေ ဦးအုန်းသန်း(ဘ) ဦးညွန့်မောင် ၁၂/ဥကမ(နိုင်)၁၀၇၈၈၂၊တီးတိန်လမ်း၊ ဇဝန သိဒ္ဓိရပ်ကွက်၊ ဥတ္တရ သီရိမြို့နယ်၊ နေပြည်တော်ပိုင်ဆိုင်သော ပ-၃၃၇၇၇၊ သုခဒီပ ရပ်ကွက်၊ အိမ်နှင့်မြေအား ဒေါ်ခင်မို့မို့ကျော်(ဘ)ဦးကျော်ရင် ၅/ကလဝ(နိုင်)၀၃၃၇၆၆ ၊ အိမ် အမှတ် ၅၃၁၂ ၊ တီးတိန်လမ်း၊ ဥတ္တရ သီရိမြို့နယ်၊ နေပြည်တော်မှ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဒေါ်ခင်မို့မို့ကျော်မှ ဒေါ်ကြည်ကြည်ဝေ(ဘ)ဦးသောင်းညွန့် ၃/ကကရ(နိုင်)၀၀၀၆၈၈ အား ရောင်းချလိုက်ပြီးဖြစ်ပါသည်။ ဒေါ်ကြည်ကြည်ဝေမှ ဒေါ်ခင်မို့မို့ကျော်အား (၂) ရက် ဇူလိုင် ၂၀၂၂ ခုနှစ်မှာ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

ထို့အတွက်ကြောင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း မည်သူမဆို အထောက်အထားခိုင်ခိုင်မာမာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

**ဒေါ်ကြည်ကြည်ဝေ**
**၃/ကကရ(နိုင်)၀၀၀၆၈၈**
**ဖုန်း-၀၉-၇၆၄၃၀၀၄၁၇**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ အမှတ် ပ-၃၃၇၇၈၊ ဧရိယာ ၀ဒသမ ၀၅၅ ဧက၊ အလျား ၆၀ပေ၊ အနံ ၄၀ ပေ ရှိ မူလပိုင်ရှင် ဂရန်မြေ ဦးသန်းလွင်(ဘ) ဦးသိန်းအောင် C/RGM 006768 နေပြည်တော် ပိုင်ဆိုင်သော (ပ-၃၃၇၇၈)၊ သုခဒီပ ရပ်ကွက် အိမ်နှင့်မြေအား ဒေါ်ခင်မို့မို့ကျော်(ဘ)ဦးကျော်ရင် ၅/ကလဝ(နိုင်)၀၃၃၇၆၆၊ အိမ်အမှတ် ၅၃၁၂၊ တီးတိန်လမ်း၊ ဥတ္တရသီရိမြို့နယ် နေပြည်တော်မှ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဒေါ်ခင်မို့မို့ကျော်မှ ဒေါ်ကြည်ကြည် ဝေ(ဘ)ဦးသောင်းညွန့် ၃/ကကရ(နိုင်) ၀၀၀၆၈၈ အား ရောင်းချလိုက်ပြီးဖြစ်ပါသည်။ ဒေါ်ကြည်ကြည်ဝေ မှ ဒေါ်ခင်မို့မို့ကျော်အား (၂) ရက် ဇူလိုင် ၂၀၂၂ ခုနှစ်မှာ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

ထို့အတွက်ကြောင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း မည်သူမဆို အထောက်အထား ခိုင်ခိုင်မာမာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါသည်။

**ဒေါ်ကြည်ကြည်ဝေ**
**၃/ကကရ(နိုင်)၀၀၀၆၈၈**
**ဖုန်း-၀၉-၇၆၄၃၀၀၄၁၇**

## ကိုသန့်မြန်အောင် ၉/မဟမ(နိုင်)၀၀၂၂၉၄ ၏ဇနီး မမြမြလှိုင် (ဘ)ဦးတင်မြင့်(ခ)လင်မင်တိုက် ၈/မကန(နိုင်)၁၅၅၈၇၂ နှင့် အများသိစေရန် ကြေညာခြင်း

မကွေးမြို့၊ တောင်တွင်းလမ်း၊ အောင်စေတနာ(စီ)ရပ်၊ အမှတ်(C-17)နေ ဒေါက်တာမေအောင်၊ ပါမောက္ခ (ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကိုသန့်မြန်အောင် သည် မကွေးမြို့၊ တောင်တွင်းလမ်း၊ အောင်စေတနာ(စီ) ရပ်၊ အမှတ်(C-17)နေ အိမ်ထောင်ဦးစီး ဒေါက်တာ မေအောင်၊ ဇနီး ဒေါ်အမာတင်နှင့် ကိုသန့်မြန်အောင်အပါအဝင် သားသမီးမြေး (၆)ဦး၏ အိမ်ထောင်စုလူဦးရေစာရင်းမှာ ဒေါက်တာမေအောင် လက်ဝယ်တွင် ရှိနေမှန်း သိပါလျက်မကွေးမြို့နယ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး၌ ဒေါက်တာမေအောင်၏အိမ်ထောင်စုလူဦးရေစာရင်း ပျောက်ဆုံးကြောင်း မမှန်မကန်တင်ပြပြီး မမြမြလှိုင်နှင့် သားဖြစ်သူ စံရွှေထွဋ်တို့ (၂)ဦးအား ထည့်သွင်း၍ လူဦးရေစာရင်းမိတ္တူ ထုတ်ပေးရန် ဒေါက်တာမေအောင်အားအသိမပေး ၊ သဘောတူခွင့်ပြုချက်မရှိဘဲ ၂၇-၂-၂၀၁၈ရက်တွင် လျှောက်ထားခဲ့သည်ကို ဒေါက်တာ မေအောင် သိရှိကန့်ကွက်ချက်အရ မြို့နယ်မှူးရုံးက ၁၄-၈-၂၀၁၈ရက် စွဲပါ စာအမှတ် ၁၀၂/မ-၁(ပစ-၁၀) ၁၀၂၃/အမတဖြင့် လူကြီးမင်း၏ လူဦးရေ(၈)ဦးပါ အိမ်ထောင်စု လူဦးရေ စာရင်းအား ပြန်လည်သိမ်းဆည်းပြီး မူလလူဦးရေ စာရင်းအတိုင်း ဆက်လက်ထားရှိခဲ့ကြောင်း လူကြီးမင်းတို့ သိရှိကြပြီးဖြစ်ပါသည်။

သို့ပါ၍ ဒေါက်တာ မေအောင်၏ အိမ်ထောင်စု ၏ အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်ခြင်းမရှိသူ မည်သူကိုမဆို အထက်ပါ နေအိမ် ဥပစာတွင် ဆက်လက်နေထိုင်ခြင်း၊ နေထိုင်ရန် ဧည့်စာရင်း တိုင်ကြားခြင်း စသည်တို့ကို အိမ်ထောင်ဦးစီးဒေါက်တာမေအောင်က လုံးဝ(လုံးဝ) သဘောတူ ခွင့်ပြုမည်မဟုတ်ကြောင်း၊ မလိုက်နာပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်း အသိပေး ကြေညာလိုက်သည်။

**ဒေါက်တာမေအောင်၏ လွှဲအပ်ချက်အရ-**

| ဒေါက်တာမေအောင် | ဦးစောမြင့်ကို | ဦးပြေငြိမ်း |
|---|---|---|
| ၉/မထလ(နိုင်)၀၆၉၇၈၁ | LL.B,WIPO(Switzer Land) | LL.B,WIPO(Switzer Land) |
| ပါမောက္ခ(ငြိမ်း) | နိုင်ငံတကာ ပဗ္ဗလစ်၊ တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**Ph.၀၉-၄၂၀၇၆၅၀၇၈ ၊ ရန်အောင်(၁)၊ မကျီးတောရပ်၊**
**နေပြည်တော်၊ ပျဉ်းမနားမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2G/7111 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 24W/34866, Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်နိုင် ၉/လဝန(နိုင်)၁၇၄၁၁၄ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/3774, ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြည့်ဖြိုးခင် ၁၂/ဗဟန(နိုင်)၀၈၉၂၃၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အ တွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပဲခူး)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ နန်းခဲရပ်ကွက်နေ ဒေါ်မြတ်မြတ်ဦး၏သမီး ဒေါ်ချယ်ရီဦး ၁၀/သထန(နိုင်)၂၁၀၀၉၁သည် မိဘ၏ ပြောဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်နေသောကြောင့် သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စကိုမျှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်မြတ်မြတ်ဦး**
**၁၀/မဒန(နိုင်)၀၇၈၁၆၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သူဌေးကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၉၀/A)၊ ကွင်းအမည် (သူဌေးအနောက်ကွင်း)၊ ဦးပိုင်အမှတ်(၄၄)၊ အကျယ်အဝန်း (၁၁.၇၂)ဧကရှိ (၁) ဦးကျော်ကျော်ဦး (၉/အမရ (နိုင်) ၁၂၂၃၈၈)၊ (၂) ဦးသန်းနိုင်ဝင်း (၁၄/မမန (နိုင်) ၁၅၂၀၀၃)နှင့် (၃) ဒေါ်ခင်မာလာ (၇/ပခန (နိုင်) ၁၇၀၆၅၅)တို့(၃)ဦးအမည်ပေါက် ပုံစံ-၇ လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်သော (၁) ဦးကျော်ကျော်ဦး ၊ (၂) ဦးသန်းနိုင်ဝင်း နှင့် (၃) ဒေါ်ခင်မာလာ တို့(၃)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဌေးကြွယ်ရပ်ကွက်၊ မေဏ္ဍကလမ်း၊ အမှတ်(၂၆)၊ (၃)လွှာနေ ဒေါ်ချောရှုပါစိမ်း(၁၂/လမန(နိုင်)၁၂၆၅၃၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်းသွယ်၊ အမှတ်(၁၇၃)ရှိ ဦးခူးဦးရယ်(၂/ဒမဆ(နိုင်)၀၂၈၃၂၈)သည် မူလမြေချပါမစ်ပိုင်ရှင် ဒေါ်တင်ဝင်းထံမှ အဆင့်ဆင့်ဝယ်ယူထားပြီး၊ လက်ရှိပိုင်ဆိုင်လျက်ရှိသော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း/ရပ်ကွက်(၁၁၉)၊ မြေကွက်အမှတ်(၇၃၅)၊ အလျား(၄၀)ပေ × အနံ(၆၀)ပေ၊ ဧရိယာစတုရန်း(၂၄၀၀)ပေ အကျယ်အဝန်းရှိ မြေကွက်လွတ်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးခူးဦးရယ်(၂/ဒမဆ(နိုင်)၀၂၈၃၂၈)ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွပ်နိုပ်၏မိတ်ဆွေ ဒေါ်ချောရှုပါစိမ်းမှ စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်လွတ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုပြုသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ (သို့) ကျွန်ုပ်၏မိတ်ဆွေထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးတင်အေး(ရေတာရှည်)၊ H.G.P, LL.B., D.B.L၊ တရားလွှတ်တော်ရှေ့နေ(၅၇၈၈/၉၁)**

ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။

အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃၊ ၀၉-၄၅၁၂၄၃၇၃၃။

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရန်ပုံငွေဖြင့် မော်လိုက်ခရိုင်၊ တမူးခရိုင်နှင့် ခန္တီးခရိုင်အတွင်း မြို့နယ်များရှိ ဒီဇယ်ဓာတ်အားပေးစက်များ မောင်းနှင်ရန် လိုအပ်သော စက်သုံးဆီများ ဝယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၇-၂၀၂၂ရက်မှ ၁၂-၇-၂၀၂၂ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁၃-၇-၂၀၂၂ရက် နံနက် ၉နာရီမှ ညနေ ၄နာရီ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံး၊ မုံရွာမြို့

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့
ဖုန်း-၀၇၁-၂၂၈၁၇၊ ၀၉-၂၅၉၀၇၀၂၂၃

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
## ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၈

ဒေါ်စန်းရီ — လျှောက်ထားသူ
(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးစန်းဝင်း)

ဒရယ်လူးကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်နေ ဒေါ်စန်းရီက ကွယ်လွန်သူ ဦးဆန်း၏ဇနီး ဖြစ်သည်ဟူ၍ ဒရယ်လူးကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးဆန်း ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်ရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဆန်း ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ ခုနှစ် ဇူလိုင် ၈ရက်နေ့ (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်စန်းရီ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့် သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းဇော်ဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆/ရှေ့)ရပ်ကွက်၊ ဝေဇယန္တာ ၁၈/ရှေ့ လမ်း၊ မြေကွက်အမှတ် ၈၀၆/က ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x ၆၀)ပေရှိ ဒေါ်သန်းမြင့် TKA-၀၂၀၆၆၂ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဦးလွင်ထွန်း ၁၂/ လမန(နိုင်)၀၃၉၄၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ ဝယ်ယူရန် အဆိုပါ အိမ်/မြေတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အိမ်/မြေ အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်း မူရင်းများ နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ယခုဖော်ပြပါ အိမ်/မြေ အရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညွန့်ညွန့်သန်း (LL.B,DBL)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၉)
ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၀၁၅၂၆၈၈၀၊ ၀၉-၂၆၀၉၈၃၃၃၁

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ကျွန်ုပ်၏ မိတ်ဆွေ တစ်ဦးက ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ လူနေရပ်ကွက် -ကံဘဲ့၊ မြေကွက်အမှတ် ၂/ဃ-၁ / E ၊ ဧရိယာ၀ဒသမ ၁၁၈ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကင်းမြို့နယ်၊(၈)ရပ်ကွက်၊ မဉ္ဇူလမ်းသွယ်(၂)လမ်း၊ အမှတ်( 2D/6A )ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် များအားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူဟု အဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်နီနီလွင် ၁၂/ဥကတ(နိုင်)၀၀၁၃၈၂ ထံမှ ဝယ်ယူရန် သဘောတူညီခဲ့ကြပြီး မြေနှင့် အဆောက်အအုံတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အဆောက်အအုံတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများကို ယူဆောင်၍ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ရောင်းဝယ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အိအိအောင်(စဉ်-၇၆၆၄)(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၃/၂၉)၊ ပြည်ရိပ်မွန် အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊၀၉-၄၄၃၁၃၆၀၁၉

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ကျွန်ုပ်၏မိတ်ဆွေက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ချထားပေးသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည် အိမ်ရာ၊ အခန်းအမှတ်(၀၀၁)၊ တိုက်အမှတ်(၃)၊ မြေညီထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ဆက်သွယ်ထားသော အကျိုးခံစားခွင့်များအားလုံးကို ပိုင်ဆိုင်သည်ဟုအဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူများဖြစ်သည့်ဒေါ်မာမာဝင်း ၁၂/သကတ(နိုင်) ၀၈၆၅၁၄ နှင့် ဦးဖြိုးပြည့်စုံအောင် ၁၂/သကတ(နိုင်) ၁၇၀၀၁၁တို့ထံမှ ဝယ်ယူရန်သဘောတူညီခဲ့ကြပြီး တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာ တမ်းအထောက်အထားများကို ယူဆောင်၍ ယခုကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ရောင်းဝယ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အိအိအောင်(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၆၄)
အမှတ် (၃/၂၉)၊ ပြည်ရိပ်မွန် အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၄၄၃၁၃၆၀၁၉

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၃၄
## ကွယ်လွန်သူ ဦးရဲမြင့်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဦးစိုးရဲလင်း — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ ပထမထပ်၊ အမှတ်(၂၉)နေ လျှောက်ထားသူ ဦးစိုးရဲလင်းက ကွယ်လွန်သူ ဦးစိုးလင်း၏ သားအကြီးဆုံးဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဦးရဲမြင့်မှာ AGDဘဏ် (အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်) ဦးချစ်မောင်လမ်း (ရန်ကုန်-၄)ဘဏ်ခွဲ၌ ငွေစုစာအုပ်ကို ဦးရဲမြင့် ( Ye Myint)Account No. 324121 0005365 ဖြင့် လက်ကျန်ငွေကျပ် ၁၂၉၃.၈၃၊ စာရင်းသေအပ်ငွေများဖြစ်သော 3240003001774014မှ လက်ကျန်ငွေ ကျပ် ၆၅၂၀၄၉၈၆.၃၀ လက်မှတ် 3240003001775011မှ လက်ကျန်ငွေကျပ် ၃၉၁၂၂၉၉၁.၇၉ လက်မှတ်အမှတ် 324003001776018မှ လက်ကျန်ငွေကျပ် ၁၃၀၄၀၉၉၇.၂၆နှင့် လက်မှတ်အမှတ် 3240003002422013မှ လက်ကျန်ငွေကျပ် ၁၁၈၅၅၄၅၂.၀၆ ဖြင့် အထက်ပါ ငွေစာရင်းအမှတ်များရှိ လက်ကျန်ငွေ စုစုပေါင်းငွေကျပ် ၁၂၉၂၂၅၇၂၁.၂၄ (ကျပ် တစ်ထောင့်နှစ်ရာကိုးဆယ့်နှစ်သိန်းနှစ် သောင်းငါးထောင်ခုနစ်ရာနှစ်ဆယ့်တစ်ကျပ်နှင့် နှစ်ဆယ့်လေးပြားတိတိ)ဘဏ်လက်ကျန်ငွေများအား အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိစေခြင်းငှာကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးရဲမြင့် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် ဇူလိုင် ၁၁ရက် (၁၃၈၄ခုနှစ် ဝါဆိုလ ဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် လာရောက်ကြရမည်။၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးစိုးရဲလင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် ဇူလိုင်လ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာသီ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃၃၄-က၊ ကွေ့ကြီးအရှေ့မြောက်)၊ ဦးပိုင်အမှတ် (ဗိုလ်ချုပ်လမ်း-၈၂)၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိမြေအား ဒေါ်ခင်မေရီ အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်အသစ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ် ၂၀(AS)ကန်ဖျားကွင်း၊ ဦးပိုင်အမှတ် (၇/၁၀+၇/၁၁)၊ မြေဧရိယာ ၀ ဒသမ ၀၄၉ ဧကရှိမြေကွက်အား လူနေအိမ်ရာမြေအဖြစ် အသုံးပြုရန် ဦးသိန်းမောင် လယ(၃၀)ရရှိထားခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးသိန်းမောင်(ခ)ဟူရှင် ၆/မအရ(နိုင်)၀၈၅၀၅၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅/၂၀)၊ မကွေး(၂)လမ်း၊ အမှတ်(၆၀/၁)ဟု ခေါ်တွင်သော မြေအကျယ်(၂၀x၆၀)ပေရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ယခုရောင်းချစီမံပိုင်ခွင့်ရှိသူဖြစ်သော ဦးဝင်းကိုဦး ၁၂/ဥကမ(နိုင်) ၂၅၀၇၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဆက်စပ်စာချုပ်များဖြင့် အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အထက်ပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်မျိုးထွန်း ၁၂/ရပသ(နိုင်) ၀၉၈၁၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိမ့်သန္တာအောင်
အထက်တန်းရှေ့နေ(စဉ်-၄၈၂၉/၂၀၁၇)
စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၉၉၇၂၃၂၈၁

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ (၈)လမ်း၊ အကွက် အမှတ် (၃၀)၊ အလျား(၈၀)ပေ၊ အနံ(၆၀)ပေ၊ ဧရိယာ ၀ဒသမ ၁၁၀ ဧကကျယ်ဝန်းသည့် အရှေ့လားသော်-ယုဇနလမ်း၊အနောက်လားသော်- ၈လမ်း (၂၈)၊ တောင်လားသော်-ယုဇနလမ်း(၂၉)၊မြောက်လားသော် ၈လမ်း၊ ၎င်းနယ်လေးရက်အတွင်း တည်ရှိသည့် မြေကွက်သည် ၁၉၉၆ ခုနှစ်မှစတင်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မြင့် ၁၂/မဂဒ(နိုင်)၀၀၇၉၄၇ လက်ထိလက်ရောက် ဝယ်ယူခဲ့သောမြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့် စာရွက်စာတမ်း အထောက်အထားများ လိုအပ်ချက်များရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများရှိခဲ့ပါကသက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ နှင့်အတူ ၁၉-၇-၂၀၂၂ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ ဝင်းခြံမြေကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းနွယ်(LL.B)(LL.M)
အထက်တန်းရှေ့နေ(စဉ်-၂၉၇၂၂)
သလ္လာ(၉)၊ သာစည်လမ်း၊ မုံရွာမြို့
ဖုန်း-၀၉-၈၇၇၃၄၃၄၉၅၊ ၀၉-၄၀၀၄၆၆၃၉၈

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်အိအိခိုင် ၇/ကဝန(နိုင်) ၀၈၇၂၅၄သည် အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်မနှင့် ဦးဌေးအောင် ၈/တတက(နိုင်) ၀၉၆၂၇၈တို့သည် ၂၀၁၈ခုနှစ်၊ဖေဖော်ဝါရီလမှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ခြင်းမရှိဘဲ သီးခြားစီနေထိုင်ခဲ့ပါသည်။ ဦးဌေးအောင်သည် ကျွန်မနှင့် ၂၀၁၈ခုနှစ်ကတည်းက ပေါင်းသင်းနေထိုင်ခဲ့ခြင်းမရှိသောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဦးဌေးအောင်နှင့် ကျွန်မသည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း လင်ခန်း၊ မယားခန်း ပြီးပြတ်သွားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးအောင်ကျော်မြင့်(LL.B) | ဒေါ်အိအိလင်း(LL.B) | ဦးထက်ဖြိုးဝင်း(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၅၁၈၃) | (စဉ်-၅၁၆၄၉) | (စဉ်-၅၄၆၅၈) |

အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၅၁၇၈၅၊ ၀၉-၇၆၃၃၉၁၈၃၉

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

